# ကြေးမုံ

# The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 10 September 2023 ၁၁၂၁၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်၍ MSME လုပ်ငန်းများကို အားပေးမြှင့်တင်

## ကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး၊ စားသုံးမှုနှင့်ထုတ်လုပ်မှုများ မျှတမှုရှိစေရေးအတွက် ဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များအား လားရှိုးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




ကြေးမုံ

# လူငယ်စွမ်းပကား နိုင်ငံတော်ကအားထား

ပြီးခဲ့သည့် ရက်သတ္တပတ်ကာလအတွင်း နိုင်ငံတစ်ဝန်း၌ တက္ကသိုလ်ပေါင်းစုံ လူငယ်သီတင်းပတ်လှုပ်ရှားမှုများနှင့် လူငယ်ဖွံ့ဖြိုးရေးလှုပ်ရှားမှုအခမ်းအနားများ ကျင်းပခဲ့သည်ကို တွေ့မြင်ရသည်။ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ၏ တက်ကြွလှုပ်ရှားမှုအားမာန်များသည် အနာဂတ်နိုင်ငံတော်အတွက် အားအင်ခွန်အားများဖြစ်သည်။ လူငယ်လူရွယ်များသည် အနာဂတ်အတွက် သားကောင်းရတနာများဖြစ်၍ လူငယ်လူရွယ်များဘဝကို အားပေးမြှင့်တင်ပျိုးထောင်ပေးရမည်ဖြစ်သည်။

နိုင်ငံတော်၏ အနာဂတ်သည် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအပေါ်တွင် တည်မှီနေသဖြင့် အစဉ်မြှင့်တင် အားပေးနေရမည်ဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာ၊ ဉာဏ်ပညာပြည့်ဝသည့် လူငယ်လူရွယ်များလိုအပ်သည်။ ပညာရည်ပြည့်ဝပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် လူငယ်လူရွယ်များဖြစ်လာအောင် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအား ပြုစုပျိုးထောင်ပေးရေးသည် အရေးကြီးသည်။ လူငယ်လူရွယ်များအား ပညာကိုကောင်းစွာတတ်မြောက်ရေးသာမက ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဖန်တီးဖော်ဆောင်ပေးရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"နှင့် "နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူသည့် လူမှုရေးဦးတည်ချက်နှစ်ရပ် ချမှတ်ထားသည်။ အဆိုပါဦးတည်ချက်များကို ယနေ့လက်တွေ့အကောင်အထည်ဖော်နေသဖြင့် အားတက်မိသည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၏ လူငယ်များသမိုင်းကြောင်းကို လေ့လာကြည့်ပါက လူငယ်လူရွယ်များဘဝတွင် ပညာကိုဆုံးခန်းတိုင်အောင် သင်ကြားပြီး လုပ်ငန်းခွင်ဝင်ကြသောလူငယ်များနှင့် ပညာကိုဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ဘဲ လုပ်ငန်းခွင်ဝင်ခဲ့ကြသော လူငယ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ လူငယ်လူရွယ်များအားလုံးအနေဖြင့် မိမိတို့ခံယူချက်၊ ရည်မှန်းချက်အလိုက် အသိပညာ ဗဟုသုတများရယူခဲ့ကြသည်။ ကောင်းဆိုးနှစ်တန်ရောထွေးနေသော ဘဝတက္ကသိုလ်တွင် အားသန်ရာအလိုက် ဖြတ်သန်းခဲ့ကြသည်။ နိုင်ငံအတွက် ကောင်းကျိုးပြုကြသူများရှိသလို ဘဝကို အမျိုးမျိုးအဖုံဖုံဖြတ်သန်းခဲ့ကြသူများလည်းရှိသည်။ ပညာနှင့်ဘဝ ကြုံသလိုဖြတ်သန်းကြရသဖြင့် နိုင်ငံအတွက် အကျိုးရှိသင့်သလောက်မရှိခဲ့ပေ။

မျက်မှောက်ကာလတွင် အနာဂတ်နိုင်ငံတော်ကို အကောင်းဆုံးပုံဖော်ထုဆစ်နိုင်ရန်အတွက် အခြေခံကျသည့် ပညာရေးကဏ္ဍကို အားပေးမြှင့်တင်လျက်ရှိသည်။ ကလေးသူငယ် လူငယ်လူရွယ်တိုင်း ပညာကို ဆုံးခန်းတိုင်အောင်သင်ကြားနိုင်ရေး၊ ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားမည့်အခြေအနေမရှိသည့် လူငယ်လူရွယ်များအား အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားနိုင်ရေးကို ဦးစားပေးဆောင်ရွက်နေသည်။ ကျောင်းသား ကျောင်းသူများ အတန်းပညာကို တတ်မြောက်ပြီးဆုံးရေးသာမက အစဉ်အဆက်ကိုင်စွဲခဲ့သည့် ပညာရေးဆောင်ပုဒ်ဖြစ်သည့် "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"ဟူသော ဉာဏ်သုံးခုကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ ဉာဏ်သုံးခုကို ဦးတည်ရေးရှုသည့် ဗလငါးတန်ဖွံ့ဖြိုးသည့် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များဖြစ်လာအောင် အဘက်ဘက်က အားပေးမြှင့်တင် မြေတောင်မြှောက်ပေးနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

လူငယ်လူရွယ်များသည် ငယ်စဉ်အခါ ပညာရှာရာတွင် တစ်နှစ်တစ်တန်းအောင်ပြီး အတန်းပညာကိုပြီးဆုံးအောင် သင်ကြားရေးသာမက လူငယ်တစ်ဦးချင်းစီ၏ ပင်ကိုအရည်အသွေးများ၊ ကိုယ်ပိုင်အရည်အသွေး အရည်အချင်းများ ပြည့်ဝလာအောင် ဆောင်ရွက်ပေးရန်လိုသည်။ ပညာပြည့်ဝရုံသာမက ကျန်းမာသန်စွမ်းရန်၊ အကျင့်စာရိတ္တကောင်းမွန်ရန်၊ မိတ်ကောင်း ဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံတတ်ရန်၊ စီးပွားဥစ္စာတို့ကို ရှာဖွေစုဆောင်းတတ်ရန်၊ တီထွင်ဖန်တီးနိုင်သည့် အစွမ်းအစများရှိရန်စသည့် အရည်အချင်းများ ပြည့်စုံလာစေရန် နိုင်ငံတော်အစိုးရက အားပေးမြှင့်တင်နေသည့်စေတနာသည် ပိုမိုကောင်းမွန်သော လူမှုဘဝနှင့် ထွန်းတောက်သည့် အနာဂတ်နိုင်ငံတော် ဖြစ်ပေါ်လာစေရန်အတွက်ဖြစ်သည်။

သို့ဖြစ်ရာ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များသည် တောက်ပသည့် ကြယ်ပွင့်လေးများဖြစ်သည်။ နိုင်ငံအနာဂတ်တာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ယူကြမည့်သူများဖြစ်သည်။ ထွန်းတောက်သည့် နိုင်ငံတော်ကြီး ထည်ထည်ဝါဝါပေါ်ထွန်းလာစေရန်နှင့် အေးချမ်းသာယာဝပြောသည့် လူ့ဘောင်လောကသစ်ကို တည်ဆောက်နိုင်ရန်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် လူငယ်လူရွယ်များဖြစ်လာအောင် စဉ်ဆက်မပြတ် ဆက်လက်ဝိုင်းဝန်း မြှင့်တင်အားပေးနေရမည်ဖြစ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့လှူဒါန်းလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မြို့လယ်ကျောင်းတိုက်သို့ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ သွားရောက်၍ ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့၌ ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ



**ကျိုင်းတုံ စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အခြေခံပညာအဆင့် ကဗျာလွတ် ၁၆ ဦးအဖွဲ့လိုက်အကပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း စန္ဒရားအတီးပြိုင်ပွဲ၊ မဟာဂီတတေးသီချင်း အဆိုပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့် အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်း အဆိုပြိုင်ပွဲ၊ ခေတ်ဟောင်းကာလပေါ် တေးသီချင်း အဆိုပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့်(ဒုတိယတန်း) ခေတ်ဟောင်းကာလပေါ်တေးသီချင်း အဆိုပြိုင်ပွဲများကို ခရိုင်အတွင်း အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း)များ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | – ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | – ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | – ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

❂ ရှေ့ဖုံးမှ

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ နယ်မြေဒေသအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ One Region One Product လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း လမ်း၊ တံတားများအား ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိမှု၊ ဆည်နှင့်ကန်များတည်ရှိမှုနှင့် ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ပညာရေးကဏ္ဍများမြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တက္ကသိုလ်များ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်ငန်းများကို အထောက်အကူပြုစေမည့် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေနှင့် မတည်ထောက်ပံ့ငွေများကို ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး ထုတ်ချေးပေးထားလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်ဆိုင်ရာ အချက်အလက်များ၊ ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ ပြည်နယ်အတွင်း စက်မှုဇုန်များနှင့် စက်မှုရပ်ကွက်များ တည်ထောင်၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပြည်ပသို့ ပို့ကုန်များ တင်ပို့ဆောင်ရွက်နိုင်မှု၊ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ပို့ချဆောင်ရွက်လျက်ရှိမှုနှင့် MSME ပြပွဲများ ပြုလုပ်ဆောင်ရွက်မှု၊ ရှမ်းပြည်နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုးကန့်နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ပေးထားရှိမှုနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မြင့်ထွေး၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်ဇော်၊ လက်ဖက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ မြန်မာနိုင်ငံကော်ဖီအသင်းအဖွဲ့ဝင် ဦးအောင်လှိုင်ဖြိုးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ထွက်ရှိသည့် ဒေသထုတ်ကုန်များအား အဆင့်မြင့်ထုတ်ကုန်များဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ကုန်သွယ်မှုများတွင် လွယ်ကူလျင်မြန်ချောမွေ့မှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်ဆိုင်ရာ အခြေခံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှု၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ဒေသတွင်းထွက်ရှိသည့် လက်ဖက်ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမြင့်ထုတ်ကုန်များဖြစ်စေရေးနှင့် ဈေးကောင်းရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ နောင်ချိုဒေသ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ကော်ဖီသီးနှံ စိုက်ပျိုးထားရှိမှု၊ ထွက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပသို့ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ရင်းနှီးမတည်ချေးငွေများ ထုတ်ချေးပေးလျက်ရှိမှု၊ အခြားလိုအပ်သည်များကို အားပေးဆောင်ရွက်လျက်ရှိမှု၊ ဆန်၊ ဆီနှင့် အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူအားလုံးကလည်း အားလုံးပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သီးထပ်စွမ်းအားများ မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့ဒေသများရှိ ဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူလူထုတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် သွင်းအားစုများ၊ နည်းပညာ၊ စက်ကိရိယာနှင့် အရင်းအနှီးများ ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ သစ်အချောထည်ပစ္စည်းများကို နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် တင်ပို့လိုခြင်းအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်သွားရန်လိုအပ်မှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေထုတ်လုပ်နိုင်မည့် အရင်းအမြစ်များစွာ ရှိသည့်အတွက် ပြည်တွင်းလိုအပ်ချက်ပြည့်မီနိုင်ရေး တိုးမြှင့်ထုတ်လုပ်သွားရန် လိုအပ်မှု၊ နိုင်ငံတကာကုန်သွယ်မှုစနစ်များ တိုးတက်မြင့်မားလာမှု၊ နယ်စပ်ကုန်သွယ်မှုများ လျင်မြန်ချောမွေ့စေရေးအတွက် ယွမ်-ကျပ် ကုန်သွယ်မှုများကို ခွင့်ပြုဆောင်ရွက်ထားရှိမှု၊ တရားမဝင်ကုန်သွယ်မှုများသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေနိုင်သည့်အတွက် လုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းတိုက်ဖျက်ဆောင်ရွက်သွားကြရန် လိုအပ်မှု၊ ပို့ကုန်ပစ္စည်းများ တင်ပို့ရာတွင်လည်း တရားမဝင်ကုန်သွယ်မှုများမရှိစေရေး QR Code စနစ်ဖြင့် လိုင်စင်များထုတ်ပေးလျက်ရှိပြီး ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်စေရေး စိစစ်ဆောင်ရွက်လျက်ရှိသဖြင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်ရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြဲမပြတ် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိမှု၊ ယနေ့ အခမ်းအနားတွင်ပါဝင်သည့် တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြဆောင်ရွက်သွားရန်လိုအပ်သည်များကိုလည်း အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

**MSME စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် (၂၃)ကြိမ်မြောက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ခြင်းများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံ၍ MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် နိုင်ငံစီးပွားရေးကို တိုးတက်စေမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

❖ **မိမိတို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ခြင်းများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကိုအခြေခံ၍ MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် နိုင်ငံစီးပွားရေးကို တိုးတက်စေမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်**

စာမျက်နှာ ၄ သို့ »»





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ လားရှိုးလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

»»» **စာမျက်နှာ ၃ မှ**

**နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုတို့ကြောင့် ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

လာမည့် အောက်တိုဘာလ ၁၅ ရက်နေ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုမှု ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ ယခင်က အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးနှစ်ပတ်လည်နေ့ကို ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမရှိကြောင်း၊ ယခုနှစ်တွင် အဆိုပါအခမ်းအနားကို အဓိပ္ပာယ်လေးနက်စွာဖြင့် ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်နေခြင်းကို သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ စသည်တို့ကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများနှင့် ပတ်သက်၍ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် နိုင်ငံရေးစနစ်များ တူညီမှုမရှိကြကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကတည်းက လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဟူ၍ ကြွေးကြော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှု၊ အယူဝါဒကွဲပြားမှုများကြောင့် ၁၉၄၈ မတ်လတွင် ကွန်မြူနစ်ပါတီ တောခိုခဲ့ကြောင်း၊ ထို့နောက် KNDO ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့က အုပ်ချုပ်ဆောင်ရွက်ခဲ့ပြီး စီမံခန့်ခွဲမှုအားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကို ဒီမိုကရေစီတောင်းဆိုသည့် ဖြစ်စဉ်တစ်ခုအဖြစ်သာ ယေဘုယျသဘောထားကြသော်လည်း ၎င်းနောက်ကွယ်၌ ဖြစ်ပွားရသည့် အကြောင်းအရင်းများစွာရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ ဆိုရှယ်လစ်စနစ်ကို မကြိုက်နှစ်သက်ခြင်းကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို တောင်းဆိုခဲ့ကြကြောင်း၊ ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရတက်လာခဲ့ပြီး ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှ အစုအဖွဲ့များပါဝင်သော အမျိုးသားညီလာခံ၌ အချေအတင်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း။

မိမိတို့နိုင်ငံတွင် ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ကြည့်မည်ဆိုပါက လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇ ခုနှစ်)သည် ပြည်သူလူထုတစ်ရပ်လုံး မဲပေးအတည်ပြုခဲ့သည့် ဥပဒေမဟုတ်ဘဲ တိုင်းပြုပြည်ပြုလွှတ်တော်က အချို့သောပညာရှင်များ၏ အကြံဉာဏ်များရယူကာ ရေးဆွဲအတည်ပြုခဲ့သည့် ဥပဒေဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်)သည် မူကြမ်း ၃ ကြိမ်အထိ ရေးဆွဲ၍ ပြည်သူလူထုအားချပြပြီးမှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်၍ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်၍ အတည်ပြုခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို လေ့လာကြည့်ပါက ဖက်ဒရယ်ဟု တိုက်ရိုက်သုံးစွဲထားခြင်းမရှိသော်လည်း အာဏာကို ခွဲဝေကျင့်သုံးသည့် ဖက်ဒရယ်၏ လုပ်ထုံးလုပ်နည်းများ ပါပြီးဖြစ်သည်ကို လေ့လာသိရှိနိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကျေးလက်ကိုအခြေခံပြီး ကျေးလက်ကိုပေါင်းစည်း၍ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်ဖြစ်လာပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုဖြစ်လာကြောင်း၊ ထိုအတွင်းမှ တူညီသည့်တိုင်းရင်းသားများပြားသည့်ဒေသများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းများအဖြစ် ဖွဲ့စည်းဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း။

ယခုအခါတွင် မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ NCA စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိ တည်ရှိနေမည့်စာချုပ်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ NCA စာချုပ်အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် **အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် ရှစ်နှစ်မြောက် NCA နှစ်ပတ်လည်နေ့အခမ်းအနားကိုလည်း လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ၊ အလေးအနက်ထား၍ စီစဉ်ကျင်းပသွားမည်ဖြစ်ပြီး** မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ**

တပ်မတော်အနေဖြင့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မရရအောင် ဖော်ဆောင်ပေးခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲများတွင် အနိုင်ရပါတီများ အစိုးရဖွဲ့နိုင်ရေး တပ်မတော်အနေဖြင့် လက်တွဲညီညီ အပြည့်အဝပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နောက်ပိုင်းတွင် နိုင်ငံရေးအရအသုံးချ၍ မရိုးမသားဆောင်ရွက်မှုများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့တွင် အသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ အုပ်ချုပ်ရေးပိုင်း၊ စီးပွားရေးပိုင်းတို့တွင် အားနည်းချက်များ ဖြစ်ပေါ်ခဲ့ပြီး ယဉ်ကျေးမှုပိုင်းဆိုင်ရာတွင်လည်း မြန်မာ့ထုံးတမ်းစဉ်လာနှင့် မကိုက်ညီသည့်ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ကာ စည်းလုံးညီညွတ်မှုများ ပျက်ပြားခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း၊ ၎င်းတို့၏ လုပ်ဆောင်မှုများအရ ထောက်ခံမှုများ ကျဆင်းလာခဲ့ရာ ရွေးကောက်ပွဲတွင် မရိုးမသားသည့် နည်းလမ်းများဖြင့် အနိုင်ရရှိရေး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှ ပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိသဖြင့် တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို ဥပဒေနှင့်အညီ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးကိုသာ အဓိကဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး မဲစာရင်းအခြေခံအချက်အလက်များ မှန်မှန်ကန်ကန်ဖြစ်အောင် ပြန်လည်ပြုစုရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူ၍ ရွေးကောက်ပွဲကို အစောဆုံးကာလတွင် ပြန်လည်ကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် တည်ငြိမ်အေးချမ်းမှုရှိရန် အဓိကလိုအပ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုရှိရေးကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် တည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်း အားလုံးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း။

**ဒေသတစ်ခုချင်းစီအလိုက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်နိုင်မည်**

မိမိတို့နိုင်ငံသည် ခေတ်အဆက်ဆက် အားနည်းချက်များရှိခဲ့ခြင်းကြောင့် စီးပွားရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အခြားတိုင်းပြည်များထက် တိုးတက်မှုနှုန်း နည်းပါးသည်ကို တွေ့ရကြောင်း၊ နိုင်ငံ့စီးပွားရေးတိုးတက်မှု နည်းပါးခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်း မရှိကြောင်း၊ မိမိတို့နိုင်ငံ၏ GDP မှာ ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်၍ MSME လုပ်ငန်းများကို မိမိတို့အနေဖြင့် အားပေးမြှင့်တင်နေခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး စားသုံးမှုနှင့်ထုတ်လုပ်မှုများ မျှတမှုရှိစေရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စားသုံးဆီဈေးနှုန်းများ ကြီးမြင့်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကြပ်မတ်စီမံဆောင်ရွက်ခဲ့သော်လည်း ဝိသမလောဘသားများ၏မတော်လောဘစိတ်များဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ထိုက်သင့်သည့်ဈေးထက် မြင့်မားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ ထိုက်သင့်သည့်အရေးယူမှုများကို ဆောင်ရွက်ခဲ့သဖြင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ အသားထုတ်လုပ်မှုမှ အေးခဲအသားများကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် အစာကုန်ကြမ်းများကိုလည်း ဒေသတွင်း၌ရရှိနိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် တစ်ဦးချင်း စီးပွားရေးတိုးတက်မှုမှ ဒေသစီးပွားရေးတိုးတက်မှုကို ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဒေသတွင် အောင်မြင်ဖြစ်ထွန်းသည့် ကော်ဖီနှင့် လက်ဖက်များကို အဓိကစိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး ကော်ဖီနှင့် လက်ဖက်သည် နိုင်ငံတကာဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်ကြောင်း၊ **စာမျက်နှာ ၅ သို့** »»»

»»» စာမျက်နှာ ၄ မှ
ထို့ကြောင့် နည်းစနစ်ကျနပြီး အရည်အသွေးပြည့်မီသည့် ကော်ဖီနှင့် လက်ဖက်ထုတ်ကုန် ထုတ်လုပ်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ကျွမ်းကျင်လုပ်သား လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထို့ကြောင့် အတန်းပညာများ မြင့်မားစေရေး ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ထိုမှတစ်ဆင့် သက်ဆိုင်ရာဘာသာရပ်အလိုက် ထူးချွန်သူများကို တက္ကသိုလ်၊ ကောလိပ်များ၌ ဆက်လက် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကိုမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ပြီး ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်မှုရှိမှသာလျှင်လည်း ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအတွင်း ပို့ဆောင်ဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာစေရေးအတွက် လားရှိုးလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လားရှိုး-မန္တလေး ရထားလမ်း ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသကဲ့သို့ လားရှိုး-မူဆယ်၊ လားရှိုး- ချင်းရွှေဟော် ရထားလမ်းဖောက်လုပ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိကားလမ်းကိုလည်း လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ခြောက်လမ်းသွားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကူးလူးဆက်သွယ်သွားလာမှုများ အဆင်ပြေချောမွေ့လာမည်ဆိုပါက ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသသည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် သဘာဝရေမြေတောတောင်အလှအပများနှင့် အရင်းအမြစ်များစွာရှိပြီးဖြစ်သည့် ဒေသဖြစ်ကြောင်း၊ ဂုတ်ထိပ်တံတားနှင့် တောတောင်ရေမြေသဘာဝအလှများသည် ခရီးသွားများကို ဆွဲဆောင်နေသည့် နေရာတစ်ခုဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်း သာယာလှပရေး၊ သန့်ရှင်းသပ်ရပ်ပြီး မျက်စိပသာဒဖြစ်ဖွယ်ရှိစေရေးအတွက် အားလုံး ဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသထွက် အစားအစာများ အရည်အသွေးကောင်းမွန်ရေး၊ တည်းခိုနေထိုင်ရေး၊ သွားလာရေးများကို ကောင်းမွန်အောင် ဆောင်ရွက်ပြီး ကောင်းမွန်သည့် ဝန်ဆောင်မှုကို ပေးနိုင်မှသာလျှင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး ဒေသတွင်းသို့ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည့်အတွက် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေသည်နှင့်အညီ ဥပဒေပညာနှင့်ပတ်သက်၍ သိရှိနားလည်ရန် လိုအပ်သဖြင့် တက္ကသိုလ်များ၌ ဥပဒေဘာသာရပ်များနှင့် စီးပွားရေးဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါ ပညာရပ်များနှင့် ပတ်သက်၍ ပြန်လည်မျှဝေပေးမည်ဆိုပါက အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ လာရောက်တွေ့ဆုံချိန်တွင် ပြည်ထောင်စုဝန်ကြီးများအနေဖြင့် ထိုက်သင့်သည့် ဆွေးနွေးမှုများကို ဆောင်ရွက်ပေးသကဲ့သို့ မိမိအနေဖြင့်လည်း နိုင်ငံ့အရေး၊ နိုင်ငံ့စီးပွားတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း၊ မိမိတို့ ဆွေးနွေးပြောကြားခဲ့သည့် အကြောင်းအရာများကို ပြန်လည်တွေးခေါ်သုံးသပ်၍ မိမိတို့ဒေသနှင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ဒေသထုတ်ကုန်ပစ္စည်းခင်းကျင်းထားရှိမှုအား ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် သယံဇာတတွင်းထွက်ထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှု ထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြသည်။

**လားရှိုးလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး**

ထို့အပြင် ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လားရှိုးလေဆိပ် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင် ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ရေရှည်ကိုမြော်တွေးကာ ယခုကဲ့သို့ လေယာဉ်ပြေးလမ်းအား ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည့် ပြေးလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေး

မြစ်ကြီးနား စက်တင်ဘာ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြီး ဆေးဝါးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံကြီးအတွင်း ဆေးဝါးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် အာဟာရဖြစ် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကြပြီး ဆေးရုံအတွက် ဆေးပဒေသာပင်ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စု ၁၂ စုမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားများအားလုံးအတွက် တိုင်းပြည် သာယာဝပြောရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့နောက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အဓိကဖြစ်သည့် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်တွင် မိမိတို့ တိုင်းရင်းသားအားလုံးပါဝင်ကြရန် အလေးအနက်ထားတိုက်တွန်းလိုကြောင်း၊ ထို့အပြင် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်လည်း မိမိတို့ တစ်ဦးချင်းစီက ပူးပေါင်းပါဝင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တိုင်းရင်းသားအခွင့်အရေးဆိုင်ရာကိစ္စရပ်များအပေါ် ပြည်နယ်အစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုကို ဖြည့်စွက်ရှင်းလင်းပြောကြားပြီး ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ဝန်ကြီးဌာန၏ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုနှင့် တိုင်းရင်းသားမျိုးနွယ်စုအလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တက်ရောက်လာကြသည့် ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသားမျိုးနွယ်စုတို့မှ စာပေနှင့်ယဉ်ကျေးမှုအသင်း/အဖွဲ့များနှင့် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း၊ ကချင်ပြည်နယ်ရှမ်းမျိုးနွယ်စုများ စာပေနှင့် ယဉ်ကျေးမှုများအသင်းတို့အတွက် ထောက်ပံ့ငွေကျပ် ၂၈ သိန်းနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကိုယ်စား မြန်မာနိုင်ငံ ကချင်လူမျိုး ရိုးရာယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တိုင်းရင်းသားမျိုးနွယ်စုများအလိုက် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဒေသတွင်း အသေးစား၊ အလတ်စားနှင့် အငယ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အတွင်းရှိ MSME စီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူရေး တောင်သူများက လုပ်ငန်းများအတွက် ချေးငွေရရှိရေး၊ အရည်အသွေးမြှင့် ထုတ်ကုန်များအဖြစ် ပြည်ပတင်ပို့ရာတွင် လိုအပ်သည့်နည်းပညာအကူအညီများ ပေးနိုင်ရေး၊ စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ဖော်ဆောင်ပေးရေး၊ လျှပ်စစ်မီးအလုံအလောက်ရရှိရေး၊ လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်၊ အခက်အခဲများ၊ ပူးပေါင်းချိတ်ဆက်ပေးစေလိုသည့် ကိစ္စရပ်များကို တင်ပြကြရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ကဏ္ဍအလိုက် လိုက်နာဆောင်ရွက်သွားရမည့် လုပ်ထုံးလုပ်နည်းများ၊ ပံ့ပိုးကူညီပေးနိုင်သည့် ကိစ္စရပ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာခြင်းမှသည် တစ်နိုင်ငံလုံး အတိုင်းအတာအထိ ဖွံ့ဖြိုးတိုးတက်လာစေရေး အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်၌ တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုစီးပွားဘဝတိုးတက်လာခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံ့လူမှုစီးပွားတိုးတက်လာမည်ဆိုပါကနိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ခံစားခွင့်များသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည်တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်စေရေး ဒေသအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအားလုံး အတူတကွ ဝိုင်းဝန်းကြိုးပမ်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

### ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ ခေတ်အဆက်ဆက် အမျိုးသားရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခဲ့ရပြီး ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ ယခင်တပ်မတော် အစိုးရလက်ထက်၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခု လက်ထက်များတွင် နှစ်စဉ်အထိမ်းအမှတ်နေ့များ၌ ဦးတည်ချက်များ၊ တပ်မတော်နေ့ဦးတည်ချက်များ ချမှတ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ရှေးယခင်အစိုးရများ လက်ထက်ကလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့်ပတ်သက်၍ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း ၎င်းတို့ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ၎င်းတို့၏မူဝါဒများကို ရွေးကောက်ပွဲအကြိုကာလတွင် မဲဆန္ဒရှင်များအား ချပြစည်းရုံးဆောင်ရွက်ကြရကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိသည့်ပါတီသည် အစိုးရအဖွဲ့ကိုဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် မူဝါဒများကို ချမှတ်၍ အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် နိုင်ငံ့အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ ၎င်းတို့အစိုးရသက်တမ်းကုန်ဆုံးချိန်တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ၌ မဲရလဒ်များ ရရှိနိုင်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ ဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ စတင်ထမ်းဆောင်ချိန်မှစတင်၍ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကိစ္စနှင့်ပတ်သက်သည့် ဦးတည်ချက်များ၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ဦးတည်ချက်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ဦးတည်ချက်များ၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ဦးတည်ချက်များ၊ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ဦးတည်ချက်များ စသည်ဖြင့် ဦးတည်ချက်များကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်ခဲ့သဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နိုင်ငံအနေဖြင့် ထိုက်သင့်သလောက်တိုးတက်မှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများရှိခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ ဘဏ်များပြိုလဲစေရေးအတွက် အဘက်ဘက်မှ ထိုးနှက်တိုက်ခိုက်ခဲ့ခြင်းကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ဘဏ်များပြိုလဲသွားပါက နိုင်ငံစီးပွားကို ထိခိုက်ပျက်စီးစေမည်ဖြစ်သောကြောင့် ငွေကြေးဖောင်းပွမှုများမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

မိမိတို့တာဝန်မယူမီကာလအတွင်း နိုင်ငံ၏ စီးပွားရေးမှာ အနုတ် ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ မိမိတို့တာဝန်ယူချိန်မှစတင်၍ ပိတ်ဆို့မှုများကြားမှ စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ထပ်မံ၍လည်း တိုးတက်မှုရှိမည်ဟု ခန့်မှန်းကြောင်း၊ နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးတက်လာခြင်းကြောင့် နိုင်ငံ့စီးပွားရေး မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းများကြီးမြင့်ရခြင်းမှာ နိုင်ငံတကာမှ ပိတ်ဆို့မှုများနှင့် ဝိသမလောဘသားအချို့၏ ၎င်းတို့ကိုယ်ကျိုးစီးပွားကိုသာကြည့်၍ လုပ်ဆောင်မှုများကြောင့်ဖြစ်သည်ကိုတွေ့ရကြောင်း၊ ထိုသို့ဆောင်ရွက်နေသူများကို ထိုက်သင့်သည့် အရေးယူဆောင်ရွက်မှုများပြုလုပ်ခဲ့သဖြင့် ယခုအခါ ကုန်ဈေးနှုန်းမှာ ကျဆင်းလာပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေချိန်၌ အဖျက်လုပ်ငန်းများ ဆောင်ရွက်နေသူများလည်းရှိကြောင်း၊ တစ်ဖက်မှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ယိမ်းယိုင်မှုမရှိစေရေး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အဆိုပါအချက်များ အောင်မြင်စေရေး တပ်မတော်သားများအနေဖြင့်လည်း အလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရန် ဆောင်ရွက်ရာတွင် မဲစာရင်းများမှန်ကန်မှုရှိအောင်နှင့် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရရှိလာသည့် အချက်အလက်များအပေါ် မူတည်၍ မဲစာရင်းများထွက်ပေါ်လာမည်ဖြစ်ပြီး သန်းခေါင်စာရင်းများ ကောက်ယူပြီးစီးပါက ရွေးကောက်ပွဲကို ကျင်းပနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ပြုလုပ်သည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး စနစ်တကျရှိသည့် ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ပြည်သူအားလုံးပါဝင်သည့်၊ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ သန်းခေါင်စာရင်းများ ကောက်ယူပြီးပါက ရွေးကောက်ပွဲကို အစောလျင်ဆုံး ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းများ အောင်မြင်စွာကောက်ယူနိုင်ရေး တပ်မတော်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး နယ်မြေစိုးမိုးရေး၊ နယ်မြေစည်းရုံးရေးအတွက် ဆောင်ရွက်နေရန်လိုကြောင်း။

### မိမိတို့တာဝန်ထမ်းဆောင်ရသည့် ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နယ်မြေခံတပ်များအနေဖြင့် နယ်မြေခံပြည်သူလူထုနှင့် တစ်သားတည်းရှိပြီးဖြစ်၍ မိမိတို့တာဝန်ထမ်းဆောင်ရသည့် ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးကို အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် ကားလမ်းများ၊ ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် လေဆိပ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စာမျက်နှာ ၇ သို့ *

☆ **နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေချိန်၌ အဖျက်လုပ်ငန်းများ ဆောင်ရွက်နေသူများလည်းရှိ**

☆ **တစ်ဖက်မှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ**

☆ **မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်**

☆ **ထိုသို့ဆောင်ရွက်ရခြင်းမှာလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တို့တွင် ယိမ်းယိုင်မှုမရှိစေရေး ဆောင်ရွက်ခြင်းပင်ဖြစ်**

✻ စာမျက်နှာ ၆ မှ

တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့ကြောင်း၊ မှီခိုသူရဲမေများအားလုံး စာတတ်မြောက်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် "အ" သုံးလုံးသင်တန်းများကို ဖွင့်လှစ်သင်ကြား၍ စာဖတ်တတ်သူများဖြစ်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လားရှိုးမြို့တွင် စိုက်ပျိုးမွေးမြူရေးကောလိပ်ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူလူထု၏ ပညာရည်မြင့်မားရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်မတော်သား သားသမီးများ၏ ပညာရည်မြင့်မားရေးကိုလည်း အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သင်ကြားထားသည့် ပညာများကို အသုံးချ၍ တစ်ဦးချင်း၏ ဘဝတိုးတက်စေရေးဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

### စည်းကမ်းစနစ်တကျရှိသည့် တပ်မတော်သားကောင်းများဖြစ်စေရေးနှင့် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိစေရေး

မိမိတို့တပ်မတော်၏ ပင်မလုပ်ငန်းတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးပင်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံး တစ်ဦးချင်း၏ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်နေရန်လိုကြောင်း၊ တစ်ဦးချင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အလေ့အကျင့်ဖြစ်အောင် နေ့စဉ်လေ့ကျင့်ဆောင်ရွက်နေရန်နှင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း နေထိုင်လုပ်ကိုင် ဆောင်ရွက်မည်ဆိုပါက တပ်မတော်သားကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ တပ်မတော်သည် အစုအဖွဲ့ဖြင့် တာဝန်ထမ်းဆောင်ရခြင်းဖြစ်ပြီး အခြေခံအကျဆုံးအဆင့်မှစ၍ စစ်ပညာများကို တတ်မြောက်ကျွမ်းကျင်ထားရန် လိုကြောင်း၊ သက်ဆိုင်ရာ လက်ရုံးတပ်ဖွဲ့အလိုက် သက်ဆိုင်ရာ ပညာရပ်များအားလုံးကိုလည်း တတ်ကျွမ်းအောင် သင်ကြားထားရန်လိုကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး မိမိတို့တာဝန်များကို အလေးထားလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှုရှိစေမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများကို တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဖော်ဆောင်ပေးသွားရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်ရေးနှင့် ပတ်သက်၍လည်း နေ့စဉ်ဆောင်ရွက်ရမည့် အားကစားများကို ဆောင်ရွက်နေရန်လိုကြောင်း၊ အားကစားများ လုပ်ဆောင်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုများကို ရရှိစေသဖြင့် ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူ ရဲမေများအနေဖြင့်လည်း ကျန်းမာရေးအထောက်အကူပြုအားကစားများ လုပ်ဆောင်စေလိုကြောင်း၊ ကျန်းမာရေးကို အထောက်အကူပြုစေမည့် အားကစားများပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ခြင်းများကို ဆောင်ရွက်သွားမည်ဆိုပါက ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာများ ကြံ့ခိုင်မှုရှိစေမည်ဖြစ်သဖြင့် စနစ်တကျဖြင့် နေထိုင်သွားကြရန် လိုအပ်ကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်း၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ လားရှိုးတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူတစ်ဦးအား လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထည်ချုပ်စက်ရုံများကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၉**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ်ရှိ ဆောင်းဦးရွှေနေ အထည်ချုပ်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကုန်အမှာစာရရှိမှုအခြေအနေ၊ ကုန်ထုတ်လုပ်မှု၊ အလုပ်ရှင်၊ အလုပ်သမား၊ လုပ်ငန်းခွင် ဆက်ဆံရေးအခြေအနေ၊ လုပ်ခလစာရရှိမှု အခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များမှာကြားကာ လုပ်ငန်းခွင်အရောက်အသိပညာပေးဆွေးနွေးမှု ဆောင်ရွက်ပေးလျက်ရှိသည့် သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် အသိပညာပေးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ငွေပင်လယ်စက်မှုဇုန်ရှိ jiu Sheng (Myanmar) (ကျိုစိမ့်မြန်မာ) သိုးမွေးစက်ရုံသို့ ရောက်ရှိပြီး အလုပ်သမားရေးရာ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီတို့နှင့် တွေ့ဆုံ၍ အလုပ်သမားများ၏ အခက်အခဲ၊ လိုအပ်ချက်များ တင်ပြမှုကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ(ထန်းတပင်)သို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်နေသည့် လူနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးကုသဆောင်များနှင့် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Sun Apparel Myanmar အထည်ချုပ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံတာဝန်ရှိသူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့နှင့် ပူးပေါင်း၍ Free For Service စနစ်ဖြင့် ဆောင်ရွက်ပေးနေသည့် လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်း(ရွှေပြည်သာ)သို့ သွားရောက်၍ ဆေးကုသမှုခံယူနေသည့် အာမခံအလုပ်သမားများကို လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ် သာဓုကန်စက်မှုဇုန်ရှိ Hosheng Myanmar Garmment Co., Ltd. (ဟိုစိမ့်မြန်မာ) အထည်ချုပ်စက်ရုံသို့ သွားရောက်၍ စက်ရုံတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လှိုင်သာယာမြို့နယ်ရှိ အထည်ချုပ်စက်ရုံအား ကြည့်ရှုစစ်ဆေးစဉ်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင် မိုးစပါးစိုက်တောင်သူများအား မြေသြဇာထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

**ဘားအံ စက်တင်ဘာ ၉**

သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ရောစပ်စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲနှင့် မိုးစပါးစိုက်တောင်သူများအား မြေသြဇာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ထောင်ဝိကျေးရွာ တောင်သူ ဦးဝင်းတင်၏ မိုးစပါး ၅ ဧက စိုက်ကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**စားရေရိက္ခာဖူလုံရန်**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က စားရေရိက္ခာဖူလုံမှသာ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး သာယာဝပြောလာမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရန်အတွက် လယ်ယာမြေများကို လုပ်မြေမထားဘဲ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရန်လိုကြောင်း၊ သီးနှံထုတ်လုပ်မှုမြင့်မားစေရေး၊ ဝင်ငွေတိုးတက်စေရေး၊ ဈေးကွက်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရေးအတွက် သီးနှံအမယ်စုံ စိုက်ပျိုးကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် အတွက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းပြီးဈေးကွက်အလားအလာရှိသည့်သီးနှံများကို နှစ်သီးမှသုံးသီးအထိ စိုက်ပျိုးနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို အချိုးကျသုံးစွဲတတ်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးကြရန်လိုကြောင်း၊ အပင်အတွက် လိုအပ်သည့် အာဟာရဓာတ်ကို အချိန်ကိုက် အချိုးကျသုံးစွဲမှသာ အထွက်ကောင်း၊ အရည်အသွေးကောင်းထုတ်ကုန်များကိုထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်၊ တောင်သူ လယ်သမားများ၏ လိုအပ်ချက်များကို ရှေးရှုပြီး အဘက်ဘက်မှ အားပေးကူညီသွားမည်ဖြစ်သည့်အပြင် တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးနှင့် အခွင့်အရေးကာကွယ်ရေး လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တရုတ်လှ၊ ထောင်ဝိ၊ ရဲသာ၊ ဘားကပ်၊ မြိုင်ကလေး၊ ကော့ထမလိန်း၊ ကော့လှိုက်၊ ရသေ့ပျံ၊ တော်ပုံကျေးရွာတို့မှ မိုးစပါးစိုက်တောင်သူများကို ယူရီးယားဓာတ်မြေသြဇာအိတ် ၁၀၀ နှင့် သဘာဝမြေသြဇာအိတ် ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်ရာ တောင်သူကိုယ်စားလှယ် တစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မိုးစပါးစိုက်တောင်သူများကို ယူရီးယားဓာတ်မြေသြဇာအိတ် ၁၀၀ နှင့် သဘာဝမြေသြဇာအိတ် ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်ရာ တောင်သူကိုယ်စားလှယ်တစ်ဦးက လက်ခံရယူစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်သူများ၏ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ရောစပ်စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ သဘောထားတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ငြိမ်းချမ်းရေး၊ တိုင်းရင်းသားစာပေ သင်ကြားမှုဖွံ့ဖြိုးရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး ကရင်တိုင်းရင်းသားရိုးရာ ဒုံးအကဖျော်ဖြေရေးအဖွဲ့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲဘောင် ကျောင်းတိုက်သို့ သွားရောက်ပြီး မဲဘောင်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်သည် ရိုးရာယဉ်ကျေးမှုအကဖြင့် ကြိုဆိုနှုတ်ဆက်ကြသည့် ပအိုဝ်းယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ဒေသခံ ပအိုဝ်းတိုင်းရင်းသားများနှင့် မဲဘောင်ကျောင်းတိုက်၌ တွေ့ဆုံပြီး ငြိမ်းချမ်းရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စားဝတ်နေရေး၊ ပအိုဝ်းတိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာအုပ်စုခြောက်စုမှ ပအိုဝ်းတိုင်းရင်းသားများကိုယ်စား ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပအိုဝ်းတိုင်းရင်းသားများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ပတ်သက်၍လည်းကောင်း၊ တက်ရောက်လာသော ပအိုဝ်းတိုင်းရင်းသားပြည်သူများက ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှည်းကူးမြို့နယ်၌ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လှည်းကူး စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးစီး၍ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ဖောင်ကြီးအနောက်ကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က စစ်ကြောင်းကြီးငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ဖောင်ကြီးအနောက်ကျေးရွာအုပ်စုရှိ ကျေးရွာသူ ကျေးရွာသားများအား ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ထားရှိသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများက လက်ဝယ်အရောက်ပေးအပ်ခြင်း၊ ကျေးရွာနေပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများအား စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၃၆၀၊ ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ဒေသနေပြည်သူများအား ဈေးနှုန်းသက်သာစွာ ရောင်းချပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ

လွိုင်ကော် စက်တင်ဘာ ၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း သည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ တာဝန်ရှိသူများနှင့်အတူ ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။



ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည့် ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ဆန်၊ ဆီ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ပြီး ယာယီနေရပ်စွန့်ခွာ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေး ဝန်ထမ်းများအား သွားရောက်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီးတို့က ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆေးရုံလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူ့ဆေးရုံကြီး အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ပြည်နယ် ဝန်ကြီးချုပ်က အစာအိမ်နှင့် အူလမ်းကြောင်းကြည့်မှန်ပြောင်းမော်နီတာ Medical Grade SONY (LMD-2435MD) စက်ပစ္စည်းတို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းကြပြီး ပြည်နယ်ပြည်သူ့ဆေးရုံကြီးရှိ လူနာဆောင်များအား လှည့်လည်ကြည့်ရှုကာ လူနာများကို အားပေးစကား ပြောကြား၍ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ယာယီနေရပ်စွန့်ခွာ မီးဖွားလူနာအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည့် အခြေခံပညာ ကျောင်းများမှ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ပညာရေးမှူးက ပြည်နယ်အတွင်း ပညာရေးဆိုင်ရာ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်အတွင်း ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်ပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသား ကျောင်းသူ လူငယ်များ ဖြစ်စေရေးအတွက် သင်ကြားပေးကြရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ လုပ်ငန်း လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ပေါင်းလောင်းဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု၊ ရေသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းရေထိန်းဆည်(Wier)တွင် Hydromatrix စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည့် ပေါင်းလောင်းဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှု၊ ရေသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်း ရေထိန်းဆည်သို့ရောက်ရှိပြီး ပေါင်းလောင်းရေထိန်းဆည်အတွင်း ရေဝင်ရောက်မှု၊ ရေထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်က ဓာတ်အားပေးစက်ရုံဆိုင်ရာအချက်အလက်များကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းလောင်းမြစ်ပေါ်ရှိ အဆင့်ဆင့်ရေအားလျှပ်စစ်စီမံကိန်းများမှ ဓာတ်အားထုတ်လုပ်နိုင်မှုနှင့် ပေါင်းလောင်းရေလှောင်တမံမှ ရေပိုလွှဲတွင်ဂိတ်တံခါးတပ်ဆင်၍ ရေထပ်မံစုဆောင်းနိုင်ပြီး လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားပေးစက်လေးလုံးကို အလှည့်ကျပြင်ဆင်နိုင်ရေး စက်အရန်ပစ္စည်းများအား ဘဏ္ဍာနှစ်တစ်နှစ်ကြိုတင်လျာထား၍ ဝယ်ယူရေး ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ Switch Yard တွင် ဗီဒါအရန်ဓာတ်အားလိုင်းမရှိသဖြင့် ပြင်ဆင်နိုင်ရေး ဆောင်ရွက်ရပါက လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေးအတွက် ဗီဒါအရန်ဓာတ်အားလိုင်းတစ်လိုင်းထားရှိနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ဓာတ်အားပေးစက်ရုံနှင့် ရေလှောင်တမံ၏ လုံခြုံရေးကို အမြဲဂရုပြု ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားထိန်းချုပ်ခန်းနှင့် တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များ မောင်းနှင်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းရေလှောင်တမံသို့ ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ပေါင်းလောင်းတမံ ရေပိုလွှဲတွင် Hydraulic Elevator Dam (HED) တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲတွင် ရေပိုမိုစုဆောင်းနိုင်ရန် ဂိတ်တံခါးတပ်ဆင်မည့်အခြေအနေနှင့် တမံ၏ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုင်းယောင်းမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

မိုင်းယောင်း စက်တင်ဘာ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေသူဟန်က လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က "အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်များ စာဖတ်ကြစို့" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက "အနာဂတ်နိုင်ငံအတွက် အားထားရသူများ ပေါ်ထွန်းလာစေရေး"၊ "ဆေးလိပ်ကင်းစင် မြန်ပြည်တစ်ခွင်"၊ "အသိဉာဏ်ပညာ ပြည့်စုံမှသာလျှင်"၊ "ကျန်းမာရေးအသိ ရှိကြရမည်" စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက လူငယ်ရေးရာ စာအုပ်စာစောင်ပြပွဲ၊ လူငယ်ရေးရာအသိပညာပေးနံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **ထွန်းမြင့်လှိုင်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌတာဝန်အား ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းသည့်ကိစ္စဆိုင်ရာ ရှင်းလင်းချက်

အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ်(၃၁)အရ အာဆီယံဥက္ကဋ္ဌတာဝန်ကို အဖွဲ့ဝင်နိုင်ငံများ၏ အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံအမည် အက္ခရာစဉ်အလိုက် အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်အလှည့်ကျ တာဝန်ယူထမ်းဆောင်ရမည်ဟု ဖော်ပြထားပါသည်။ အဆိုပါမူအရ မြန်မာနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ရယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အလှည့်ကျဥက္ကဋ္ဌတာဝန် ရယူရန်အတွက် အချိန်အနည်းဆုံး(၂)နှစ် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ယူမည့်ကိစ္စနှင့်ပတ်သက်၍ လက်ရှိအချိန်တွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်နိုင်ငံတော်ကို တည်ဆောက်နေသည့်ကာလဖြစ်သဖြင့် ၂၀၂၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ယူရန် အဆင်ပြေမှု ရှိ-မရှိကို ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးထံသို့ မြန်မာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စာပေးပို့၍ သဘောထားမေးမြန်းခဲ့ပါသည်။ အဆိုပါကိစ္စကို မြန်မာက ၂၀၂၃ ခုနှစ်၏ အာဆီယံဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသို့လည်း အသိပေးထားပြီးဖြစ်ပါသည်။

ဖိလစ်ပိုင်နိုင်ငံကလည်း ၂၀၂၆ ခုနှစ်တွင် ၎င်းမှ အာဆီယံဥက္ကဋ္ဌတာဝန်ယူရန် အဆင်ပြေပါကြောင်းနှင့် လက်ရှိအာဆီယံဥက္ကဋ္ဌနှင့် ကျန်အဖွဲ့ဝင်များကို အသိပေးပြောကြားသွားမည်ဖြစ်ကြောင်း တရားဝင်အကြောင်းပြန်ကြားမှုပြုခဲ့ပါသည်။ ထို့နောက် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးထံ လိပ်မူ၍ ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံဥက္ကဋ္ဌ တာဝန်ကို ၂၀၂၇ ခုနှစ်အစား ၂၀၂၆ ခုနှစ်တွင် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ အာဆီယံ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံမှုရရှိမည်ဟု မျှော်လင့်ပါကြောင်း စာပေးပို့ခဲ့ပါသည်။

(၄၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအပြီး တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်မှုဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်ကို ထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်၏ စာပိုဒ်(၁၅)တွင် "၂၀၂၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်နိုင်ငံမှ တာဝန်ယူရန် ဆုံးဖြတ်ခဲ့ကြပြီး အခြားဆုံးဖြတ်ချက်တစ်ရပ် မထွက်ပေါ်မီအချိန်အထိ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌဇယားကို အက္ခရာစဉ်အတိုင်း ဆက်လက် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်" ဟု ဖော်ပြပါရှိသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် အချို့သော နိုင်ငံတကာသတင်းမီဒီယာများ၏ ဖော်ပြချက်များ၌လည်း ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်နှင့်ပတ်သက်၍ ဖော်ပြချက်များသည် ၎င်းတို့လိုလားသည့်ပုံစံများဖြင့် အဓိပ္ပာယ်လွဲမှားစွာ ဖော်ပြနေသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌတာဝန်ယူမှုနှင့်ပတ်သက်၍ သမိုင်းကြောင်း ပြန်ကြည့်ရပါက အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ်(၃၁)အရ အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၀၆ ခုနှစ်တွင် တာဝန်ယူရမည်ဖြစ်ပါသည်။ သို့သော် ထိုအချိန်အခါက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်နှင့်အညီ ဒီမိုကရေစီသို့ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိသည့်အတွက် လည်းကောင်း၊ အာဆီယံအဖွဲ့၏ ရည်မှန်းချက်များအကောင်အထည်ဖော်ရာတွင် အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်စေရန်အတွက် ရှေးရှု၍လည်းကောင်း မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူမည့် အခွင့်အရေးကို အနစ်နာခံစွန့်လွှတ်ခဲ့ပါသည်။ ထို့နောက် အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၁၆ ခုနှစ်တွင် တာဝန်ယူရမည့် အလှည့်ကိုလည်း မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပရန်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မလေးရှားနှင့် လာအိုနိုင်ငံတို့နှင့် ညှိနှိုင်းသဘောတူညီချက်အရ ၂၀၁၄ ခုနှစ်တွင် တာဝန်လွှဲပြောင်းယူခဲ့သည့် သာဓကများရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံက မိမိနိုင်ငံ၏ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များရှိ၍ ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်နိုင်ငံသို့ သဘောထားမေးမြန်း ညှိနှိုင်းမှုပြုလုပ်ခဲ့ပြီး အခြားအဖွဲ့ဝင်နိုင်ငံများသို့ ချပြအသိပေးခြင်း သဘောတူညီမှုရှိခြင်းများဖြင့် လွှဲပြောင်းခဲ့ခြင်းဖြစ်ပါကြောင်း သိသာနိုင်ပါရန် ရှင်းလင်းဖော်ပြအပ်ပါသည်။

| Year | Chair |
|---|---|
| 2020 | Vietnam |
| 2019 | Thailand |
| 2018 | Singapore |
| 2017 | Philippines |
| 2016 | Lao PDR |
| 2015 | Malaysia |
| 2014 | Myanmar |
| 2013 | Brunei |
| 2012 | Cambodia |
| 2011 | Indonesia |
| 2010 | Viet Nam |
| 2009 | Thailand |
| 2008 | Thailand |
| 2007 | Singapore |
| 2006 | Philippines |
| 2005 | Malaysia |
| 2004 | Lao PDR |
| 2003 | Indonesia |
| 2002 | Cambodia |
| 2001 | Brunei Darussalam |
| 2000 | Singapore |
| 1999 | Philippines |
| 1998 | Viet Nam |
| 1997 | Malaysia |
| 1996 | Indonesia |
| 1995 | Thailand |
| 1992 | Singapore |
| 1987 | Philippines |
| 1977 | Malaysia |
| 1976 | Indonesia |



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦးနှင့် မြို့မစခန်းမှူးတို့ ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ မင်းမနိုင်ရဲကင်းစခန်းနှင့် လှည်းဆိပ်ရဲကင်းစခန်းတို့မှ တပ်ဖွဲ့ဝင်များက ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် (ခုတင် - ၁၀၀) ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စက်တင်ဘာ ၉ ရက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဝင်းကြိုင်(ပြန်/ဆက်)

---



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၉ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်၊ ရဲမေများ၊ ရဲတပ်ဖွဲ့မိသားစုဝင် ၃၀ ခန့်က သွေးလိုအပ်သည့် လူနာများအတွက် စုပေါင်းသွေးလှူဒါန်းနေမှုကို စစ်ဗျူဟာအခြေချ(ကော့သောင်း)မှ ဗိုလ်မှူးကြီး အောင်သက်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး အောင်မျိုးသန့်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြစဉ်။

ခရိုင်(ပြန်/ဆက်)

## ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ရေ) လှေလှော်ရွက်တိုက်အသင်း(အင်းလျားကန်)၌ ကျင်းပရာ အလယ်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်နှင့် တက္ကသိုလ်များလှေလှော်အသင်းတို့မှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲ အမျိုးအစားအလိုက် တစ်ဦးချင်း ဆုရရှိသူများ၊ အသင်းလိုက် ဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အမှတ်(၁) ဗျူဟာစစ်ရေယာဉ်စု အသင်းတို့အား ကာကွယ်ရေး ဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ လှေလှော်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် စက်တင်ဘာ ၅ ရက်မှ ယနေ့အထိကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ်ာတမြို့နယ်၌ မိုးရာသီ ဘတ်စကက်ဘော အမျိုးသား အမျိုးသမီး သင်တန်းဆင်း

**ဟသ်ာတ စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော မိုးရာသီဘတ်စကက်ဘော အမျိုးသား အမျိုးသမီး သင်တန်းဆင်းပွဲနှင့် ပြိုင်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သင်တန်းဆင်းနှင့်ပြိုင်ပွဲဝင် အားကစားသမားများက ကွင်းအတွင်းနေရာယူကြပြီး ဟသ်ာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားခဲ့ကာ သင်တန်းဆင်းပွဲနှင့်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယနေ့အခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော မိုးရာသီဘတ်စကက်ဘော သင်တန်းသား သင်တန်းသူ ၂၃၅ ဦးတို့က အောင်မြင်စွာ သင်တန်းဆင်းခဲ့ကြပြီး ဟသ်ာတမြို့နယ်အတွင်းရှိ အလက၊ အထက၊ ကိုယ်ပိုင်ကျောင်းများမှ အမျိုးသားအသင်း ကိုးသင်း၊ အမျိုးသမီးအသင်း ရှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများကို ယနေ့မှစတင်ကာ စက်တင်ဘာ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သတင်းအတု၊ သတင်းအမှားများကြောင့် မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတိုင်းတွင် အခက်အခဲများ ကြုံတွေ့

## လူမှုကွန်ရက်မီဒီယာများကို မိမိတို့အနေဖြင့် ချင့်ချိန်သုံးစွဲပြီး အကျိုးရှိအောင် အသုံးပြုနိုင်ကြစေလို

**ရန်ကုန် စက်တင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့တွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် ဗိုလ်အောင်ကျော်လမ်းရှိ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးနှင့် ဗဟန်းမြို့နယ်ရှိ The Global New Light of Myanmar သတင်းစာတိုက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

နံနက်ပိုင်းတွင် စာပေဗိမာန်သို့ ရောက်ရှိပြီး စာပေဗိမာန်အရောင်းဆိုင်တွင် စာအုပ်များ လာရောက်ရွေးချယ်ဝယ်ယူနေမှုကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်တာဝန်ရှိသူများ စာပေဗိမာန်သို့ရောက်ရှိပြီး စာပေဗိမာန်အရောင်းဆိုင်တွင် ကြည့်ရှုအားပေးစဉ်။

**အထင်ကရဌာနတစ်ခုဖြစ်**

ထို့နောက် အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ စာတည်းမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မှာကြားရာတွင် စာပေဗိမာန်၏ အခန်းကဏ္ဍသည်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး နေရာချထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

အရေးကြီးပါကြောင်း၊ စာပေနှင့်ပတ်သက်ပြီး အစဉ်အလာရှိသည့် အထင်ကရဌာနတစ်ခု ဖြစ်ပါကြောင်း။

ဝန်ထမ်းများအနေဖြင့် နိုင်ငံတကာဖြစ်ရပ်များ၊ ပြည်တွင်းရေးရာများကို အားလုံးသိရှိကြမည်ဟု ယူဆပါကြောင်း၊ သတင်းအမှန်များ သိရှိခြင်းကြောင့် အကျိုးရှိပြီး သတင်းအမှားများက ဆိုးကျိုးကို ဖြစ်ပေါ်စေပါကြောင်း၊ သတင်းအတု၊ သတင်းအမှားများကြောင့် မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတိုင်းတွင် အခက်အခဲများ ကြုံတွေ့ရပါကြောင်း၊ လူမှုကွန်ရက်မီဒီယာများကို အကျိုးရှိအောင် အသုံးပြုနိုင်သကဲ့သို့ အကျိုးမဲ့အောင်လည်း လုပ်၍ရပါကြောင်း၊ သုံးစွဲသူအပေါ် မူတည်သည့်အတွက် မိမိတို့အနေဖြင့် ချင့်ချိန်သုံးစွဲပြီး အကျိုးရှိအောင် အသုံးပြုနိုင်ကြစေလိုပါကြောင်း ပြောကြားကာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဗိုလ်အောင်ကျော်လမ်းရှိ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ရုံးနေရာချထားမှုအနေအထားကို ကြည့်ရှုစစ်ဆေးကာ ရုံးအပေါ်ထပ်ရှိ Media N Co. Ltd. ၏ ရုံးခန်းများ၊ သတင်းခန်းများကို ကြည့်ရှု၍ M Entertainment Channel မှ ရိုက်ကူးပြသနေမှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် The Global New Light of Myanmar သတင်းစာတိုက်၌ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက The Global New Light of Myanmar သတင်းစာကို ၁.၈.၂၀၂၃ ရက်နေ့မှစတင်ကာ Logo မှအစ၊ အခြားသော အသွင်သဏ္ဌာန်နှင့် အနှစ်သာရပိုင်း ပြောင်းလဲဖော်ဆောင်ခဲ့ကြသည့် စာတည်းအဖွဲ့ဝင်များနှင့်တာဝန်ရှိသူဝန်ထမ်းအားလုံးကို အသိအမှတ်ပြုပါကြောင်း၊ စာတည်းအဖွဲ့ဝင်များက မိမိတို့သတင်းစာ စာဖတ်ပရိသတ်များ စိတ်ဝင်စားမည့် သတင်းအကြောင်းအရာများကို ရွေးချယ်ပြီး ဖော်ပြသွားရန်လိုပါကြောင်း၊ သတင်းများ စုစည်းရွေးချယ်ရာတွင် နိုင်ငံရေးအမြင်ရှိရန်လိုပြီး သတင်းစာတိုက်မူဝါဒများနှင့်အညီ လွတ်လွတ်လပ်လပ် ဖော်ပြဆောင်ရွက်နိုင်သော်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ထိခိုက်စေမည့် သတင်းများ၊ မိမိတို့နှင့် ချစ်ကြည်ရင်းနှီးစွာရှိသည့် နိုင်ငံများ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားသည့် သတင်းများ မဖော်ပြမိရန်လိုပါကြောင်း၊ သတင်းများ၊ ဆောင်းပါးများအားလုံးကို စိစစ်ဖတ်ရှုတည်းဖြတ်ပြီး အမှားအယွင်း မပါရှိအောင် စနစ်တကျ ရွေးချယ်ဖော်ပြသွားစေလိုကြောင်း မှာကြားကာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုံနှိပ်စက်ခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဗဟန်းမြို့နယ်ရှိရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်လောကနှင့်ပတ်သက်၍ ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းရန် ကိစ္စများရှိပါက ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် ပြည်သူများက ရုပ်ရှင်ဇာတ်ကားများအပေါ် ပြန်လည်သက်ဝင်ခံစားမှုများရှိလာပြီး ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုများလည်း ပုံမှန်အခြေအနေနီးပါး ဖြစ်ပေါ်လာခြင်းအတွက် ဝမ်းမြောက်မိပါကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကြီးကို ကျင်းပပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းများကိုကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဆွေးနွေးပေးကြစေလိုပါကြောင်း၊ ပြီးခဲ့သည့်ကာလများတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်လောကသားများ အပြန်အလှန်ယုံကြည်မှုများဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အတွက် အထိုက်အလျောက် အောင်မြင်မှုများရှိခဲ့ပြီး နောင်လာမည့်ကာလများတွင်လည်း လုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုပါကြောင်း။

ရုပ်ရှင်ဇာတ်ကားများအား ပြည်တွင်းမှာသာမက နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များ၊ အထိမ်းအမှတ်ပွဲများတွင် ချိတ်ဆက်ပြသနိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားကြစေလိုပါကြောင်း၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းကို မည်သို့မြှင့်တင်ကြမည်၊ မည်သို့လုပ်ဆောင်ရမည်ကို ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ နာယက ဦးအောင်လွင်နှင့် တက်ရောက်လာသူများက မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ရှိ ဆေးရုံများ၌ အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးတို့သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နေပြည်တော် ခုတင်-၁၀၀၀ ပြည်သူ့ဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ကို ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာရဲမြင့်က ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို အပတ်စဉ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဆေးရုံကြီးအတွင်း၊ အပြင်တို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ သစ်ပင်များ အလင်းဖွင့်ခြင်း၊ အဆောက်အအုံအမိုးအပေါ်တွင် ကျရောက်နေသည့် သစ်ကိုင်းများရှင်းလင်းခြင်း၊ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် (ခုတင်-၁၀၀) ဆံ့ ပြည်သူ့ဆေးရုံ၏ အတွင်း၊ အပြင်တို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး



လိုအပ်သည်များကို မှာကြား သည်။

ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မြို့နယ်ရှစ်မြို့နယ်အတွင်းရှိ (ခုတင်-၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး တစ်ရုံ၊ (ခုတင်-၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး လေးရုံ၊ (ခုတင်-၃၀၀)ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံ၊ (ခုတင်-၂၀၀) ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံ၊ (ခုတင်-၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ နှစ်ရုံ၊ (ခုတင်-၅၀) ဆံ့ ပြည်သူ့ဆေးရုံ ခြောက်ရုံ၊ (ခုတင်-၂၅) ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံ၊ (ခုတင်-၁၆) ဆံ့ တိုက်နယ်ဆေးရုံ ခြောက်ရုံ စုစုပေါင်း ဆေးရုံ ၂၂ ရုံ၌ သက်ဆိုင်ရာမြို့နယ်များအလိုက် စုပေါင်းသန့်ရှင်းရေးများ တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မန္တလေးဒေသရှိရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်ပါမောက္ခချုပ် ဦးအောင်ဆန်းဦး တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိနန်းဦးဆုတောင်းပြည့်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် ဆီမီးတို့ ဆက်ကပ်လှူဒါန်းပူဇော်သည်။



**ဖူးမြော်ကြည်ညို**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် နန်းစဉ်အဆက်ဆက် ကိုးကွယ်ခဲ့သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အောင်မြေသာစံမြို့နယ် မင်းရှင်စော တည်ထားကိုးကွယ်ခဲ့သည့် ရွှေကျီးမြင်ဘုရားအား ဖူးမြော်ကြည်ညို၍ကာ ရွှေကျီးမြင်ဘုရားလိုဏ်အတွင်းရှိ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ နန်းစဉ်အဆက်ဆက်ကိုးကွယ်ခဲ့သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ် နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမ္ဘာဝံသ(?) — ကန္ဒောဘာသဘိဝံသထံ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထား၍ ဆရာတော်ကြီး ကျန်းမာရေးအခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာသမားတော်ဆရာဝန်ကြီးများနှင့် ညှိနှိုင်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ဆရာတော်ကြီးအား သင်္ကန်း၊ အာဟာရဆေးနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်စာသင်တိုက်မှ တန်းဆွမ်းအလှူခံကြွတော်မူသော ရဟန်း သာမဏေ အပါး ၁၅၀ တို့အား ဗုဒ္ဓရုပ်ပွားပုံတော်များ ဆက်ကပ်လှူဒါန်းပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ရွှေနန်းတော်ကျောင်းသို့ သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများက နှစ်ပေါင်း ၁၄၀ ရှိပြီဖြစ်သော ရွှေနန်းတော်ကျောင်း အထွေအထွေမွမ်းမံထိန်းသိမ်းခြင်း၊ ကြမ်းခင်းနှင့်နံရံများ မွမ်းမံထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ရွှေနန်းတော်ကျောင်းအတွင်း အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့်အတူ မန္တလေးမြနန်းစံကျော် ရွှေနန်းတော်သို့ သွားရောက်စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မြနန်းစံကျော်ရွှေနန်းတော်ကြီး ပြုပြင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ အသုံးစရိတ်နှင့် ကိုက်ညီသော အရည်အသွေးရရှိရန်လိုကြောင်း၊ တင်ဒါဖြင့် ဆောင်ရွက်သောလုပ်ငန်းများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းတိုးတက်မှုအခြေအနေကို လစဉ်တင်ပြရန်လိုအပ်ကြောင်း မှာကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယဉ်ကျေးမှုပြတိုက်ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နန်းမြို့ရိုး ပြကလေး(၁၉)၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သူရဲခိုအလုံး ၂၀ အလေးဝန်လျော့ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေရှည်ကြံ့ခိုင်ရေး စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် နန်းမြို့ရိုးအပြင်ဘက်သို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အောက်ခြေနံရံများကို ရေခိုးရေငွေ့များ ထိခိုက်မှုမရှိစေရေး ကြံ့ခိုင်မှုကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း၊ ၁၀၉ လမ်းရှိ မြန်မာအနုပညာဇဟိုဌာနသို့ သွားရောက်၍ မြန်မာအနုပညာဇဟိုဌာန (Myanmar Art Center) တည်ဆောက်ထားမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၁၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဓနုဖြူမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအောင်နိုင်ဝင်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ဓနုဖြူမြို့ အမှတ်(၁၀) ရပ်ကွက်ရှိ ကျိုက္ကာလွန်ပွန်းစေတီတော်မြတ်ကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



(၁၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သိန်းနိုင် ဦးဆောင်မှုဖြင့် မြို့နယ်ရှိရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်/မိသားစုများ စုပေါင်း၍ မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံဝင်း၌ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်စဉ်။

နော်မှိုင်း(ပြန်/ဆက်)

# သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System – WRFS) အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ (Task Force)၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံ အာမခံအသင်း၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ မြန်မာ ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက Task Force အဖွဲ့အနေဖြင့် သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက်ဆောင်ရွက်မည့် အစီအမံများရေးဆွဲခြင်း၊ မူဝါဒများချမှတ်ခြင်း၊ စံလုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်း၊ သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ခြင်း၊ အစပျိုးစမ်းသပ်ကာလ (Pilot Project)အဖြစ် စတင်ဆောင်ရွက်ခြင်းနှင့် သိုလှောင်ရုံတည်ဆောက်ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များကို အားပေးကူညီခြင်း စသည့်လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊

ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် တောင်သူလယ်သမားများအတွက် ရာသီဥတုနှင့် သဘာဝဘေး အန္တရာယ်များမှ ကာကွယ်ပေးသည့် သီးနှံအာမခံစနစ်ကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် ဆန်စပါးဈေးနှုန်း တည်ငြိမ်ရေးကိုလည်း အထောက်အကူပြုမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်တစ်ရပ် အောင်မြင်စွာဖော်ဆောင်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူ လယ်သမားများ၊ သိုလှောင်ရုံ လုပ်ငန်းရှင်များနှင့် ကုန်သည်လုပ်ငန်းရှင်များ အပါအဝင် သက်ဆိုင်သူများ အားလုံးက အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းလျက် ဟန်ချက်ညီစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့ဝင်များက သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှု စနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## တရုတ်နိုင်ငံ၌ iPhone ကန့်သတ်ချက်များကြောင့် Apple စတော့ရှယ်ယာတန်ဖိုးများ လျော့ကျလာ

ဝါရှင်တန် စက်တင်ဘာ ၉

အမေရိကန်နည်းပညာကုမ္ပဏီကြီး Apple သည် တရုတ်နိုင်ငံတွင် iPhone ကန့်သတ်ချက်များကြောင့် ၎င်း၏ရှယ်ယာများ လျော့ကျစေပြီး နှစ်ရက်အတွင်း ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၀ ဘီလီယံခန့် ဆုံးရှုံးမှုနှင့်ရင်ဆိုင်ခဲ့ရသည်။

စက်တင်ဘာ ၆ ရက်တွင် နယူးယောက်မြို့၌ Apple ၏ စတော့ရှယ်ယာတန်ဖိုး ၃ ဒသမ ၆ ရာခိုင်နှုန်း လျော့ကျခဲ့ပြီးနောက် စက်တင်ဘာ ၇ ရက်တွင် စတော့ရှယ်ယာ ၂ ဒသမ ၉ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်း သိရသည်။

တရုတ်အစိုးရက ၎င်း၏အရာရှိများကို လုပ်ငန်းချိန်အတွင်း iPhone များ အသုံးမပြုရန်နှင့် လုပ်ငန်းခွင်သို့ iPhone များ ယူဆောင်ခြင်းမပြုရန် ညွှန်ကြားထားသည်ဟု သည်ဝေါစထရိဂျာနယ်နှင့် အခြားမီဒီယာများက သတင်းဖော်ပြပြီးနောက် ယခုကဲ့သို့ Apple ၏ စတော့ရှယ်ယာတန်ဖိုး လျော့ကျလာခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် Apple ၏ အဓိကဈေးကွက်များအနက် တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်း ရောင်းအား၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## ဥရောပသမဂ္ဂက ဒစ်ဂျစ်တယ်ဈေးကွက်တွင် တရားမျှတသောယှဉ်ပြိုင်မှုရှိစေရန် ဒစ်ဂျစ်တယ်ဥပဒေသစ်အရ စည်းမျဉ်းများထုတ်ပြန်မည်

ဘရပ်ဆဲလ် စက်တင်ဘာ ၉

ဥရောပသမဂ္ဂသည် ဒစ်ဂျစ်တယ်ဈေးကွက်တွင် တရားမျှတသောယှဉ်ပြိုင်မှုရှိစေရန် ဒစ်ဂျစ်တယ်ဥပဒေသစ်အရ စည်းမျဉ်းများထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစည်းမျဉ်းများသည် Google ၏ မိခင်ကုမ္ပဏီ Alphabet၊ Amazon၊ Apple၊ TikTok အော်ပရေတာ Byte Dance၊ Meta နှင့် Microsoft နည်းပညာကုမ္ပဏီကြီးခြောက်ခုအပေါ် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ပြောကြားသည်။

ဒစ်ဂျစ်တယ်ဈေးကွက် အက်ဥပဒေအရ ကုမ္ပဏီများ၏ အဓိကပလက်ဖောင်းဝန်ဆောင်မှု ၂၂ ခုကို လာမည့်နှစ်အစောပိုင်းမှစ၍ တင်းကျပ်သောစည်းမျဉ်းများချမှတ်မည်ဖြစ်သည်။

၎င်းတို့၏ ပလက်ဖောင်းများတွင် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဦးစားပေး ဖော်ပြခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ထို့ပြင် အက်ပလီကေးရှင်း ရေးသားသူများကို ၎င်းတို့၏ ငွေပေးချေမှုစနစ် အသုံးပြုစေရန် အတင်းအကျပ်ခိုင်းစေခြင်းကို ကုမ္ပဏီများအား ပိတ်ပင်တားမြစ်မည်ဖြစ်သည်။

အော်ပရေတာများသည် ပြိုင်ဘက်ကုမ္ပဏီများမှ သတင်းအချက်အလက်များကို ရယူသည့်အခါ ဥရောပသမဂ္ဂ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို ကြိုတင်အသိပေးရန် လိုအပ်မည်ဖြစ်သည်။

လိုက်နာမှုမရှိပါက ၎င်းတို့၏ နှစ်စဉ်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းအထိ ဒဏ်ကြေးငွေ ပေးဆောင်ရမည်ဖြစ်သည်။

ယခုချမှတ်မည့် စည်းမျဉ်းသစ်များသည် သုံးစွဲသူများအတွက်သာမက နည်းပညာ ကုမ္ပဏီများအတွက်ပါ ထိရောက်မှုရှိမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ဗီယက်နမ်နိုင်ငံတွင် တရားဝင်နိုင်ငံခြားရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းပေါင်း ၃၈၀၈၄ ခု ရှိ

ဟနွိုင်း စက်တင်ဘာ ၉

ဗီယက်နမ်နိုင်ငံသည် လက်ရှိအချိန်အထိ တရားဝင်နိုင်ငံခြားရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းပေါင်း ၃၈၀၈၄ ခုရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းများအတွက် မတည်ရင်းနှီးငွေပမာဏ အမေရိကန်ဒေါ်လာ ၄၅၃ ဒသမ ၂၆ ဘီလီယံခန့် ရှိမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှု ဒုတိယဝန်ကြီး ထရန်ဒူဒေါင်၏ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက ယနေ့သတင်းဖော်ပြသည်။

လက်ရှိအချိန်အထိ မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၂၈၇ ဒသမ ၁ ဘီလီယံ လက်ခံရရှိပြီးဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံရေး ဆွဲဆောင်မှုဆိုင်ရာ ၃၅ နှစ်ပြည့် အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ထရန်ဒူဒေါင်က အလေးပေးပြောကြားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အရင်းအနှီးသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ထောက်ပံ့မှုတစ်ခုဖြစ်စေခြင်း၊ အလုပ်အကိုင်များ ဖန်တီးပေးခြင်းနှင့် နိုင်ငံတော်ဘဏ္ဍာငွေ ကောက်ခံမှုမြင့်တင်ခြင်းတို့ကို အထောက်အကူဖြစ်စေကြောင်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက ဆိုသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## မော်ရိုကိုနိုင်ငံ၌ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ် လူပေါင်း ၈၂၀ သေဆုံး

ရာဘတ် စက်တင်ဘာ ၉

မော်ရိုကိုနိုင်ငံ၌ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ လက်ရှိအချိန်အထိ လူပေါင်း ၈၂၀ သေဆုံးပြီး ၆၇၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မော်ရိုကိုပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ မော်ရိုကိုနိုင်ငံပိုင်မီဒီယာက ယနေ့သတင်း ဖော်ပြသည်။

စက်တင်ဘာ ၈ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ ဝန်းကျင်အချိန်တွင် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ သောငလျင်သည် နိုင်ငံအလယ်ပိုင်း Marrakesh မြို့မှ ကီလိုမီတာ ၇၀ ခန့်အကွာတွင်ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ဘူမိဗေဒလေ့လာရေးဌာနက ပြောကြားသည်။

Rabat နှင့် Casablanca အပါအဝင် မော်ရိုကိုနိုင်ငံတစ်ဝန်းရှိ မြို့အများအပြားတွင် ငလျင်လှုပ်ခတ်မှုကို ခံစားခဲ့ရသည်။ Taroudan နှင့် Marrakesh မြို့များတွင် နေအိမ်အများအပြား ပြိုကျခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။

ငလျင်ဗဟိုချက်နှင့် အနီးဆုံးမြို့ကြီးဖြစ်သည့် Marrakesh မြို့ဟောင်းရှိ အဆောက်အအုံအများအပြား ပျက်စီးခဲ့ပြီး ဒေသခံအများအပြားလည်း ငလျင်လှုပ်ခတ်မည်ကို စိုးရိမ်သည့်အတွက် အမိုးဖွင့်နေရာများတွင် တစ်ညတာနေထိုင်ခဲ့ရကြောင်း Marrakesh တွင် နေထိုင်သည့် တရုတ်လူမျိုး Zhang Kai က ပြောကြားသည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသော်လည်း တောတောင်ထူထပ်သောဒေသများတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ကယ်ဆယ်ရေးလုပ်သားများက ဆိုသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**





## ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ် ပထမရှစ်လအတွင်း ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၆ သန်း ဝင်ငွေရရှိခဲ့

ဖနောင်ပင် စက်တင်ဘာ ၉

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမရှစ်လအတွင်း ဆန်တန်ချိန် ၄၁၁၆၉၉ တန်တင်ပို့နိုင်ခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၆ သန်း ဝင်ငွေရရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ်က စက်တင်ဘာ ၉ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း နိုင်ငံနှင့် ဒေသပေါင်း ၅၆ ခုသို့ ဆန်စပါးများ တင်ပို့နိုင်ခဲ့ကြောင်းနှင့် တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်စပါးကို အများဆုံးဝယ်ယူသည့်နိုင်ငံအဖြစ် ဆက်လက်ရှိနေကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် အဆိုပါကာလအတွင်း တရုတ်နိုင်ငံသို့ ဆန်စပါးတန်ချိန် ၁၄၃၈၁၈ တန် တင်ပို့နိုင်ခဲ့ကြောင်းနှင့် တရုတ်နိုင်ငံသို့ တင်ပို့မှုမှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၆ သန်း ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၃ ခုနှစ်အတွင်း ဆန်စပါးတန်ချိန် ၇၀၀၀၀၀ တင်ပို့နိုင်ရန် မျှော်လင့်လျက်ရှိကြောင်းနှင့် နှစ်စဉ်တရုတ်နိုင်ငံသို့ ဆန်စပါးတန်ချိန် ၄၀၀၀၀၀ ပို့မှန်ရောင်းချနေရကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ချန်ဆိုခန်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**




❖ **ကျောဖုံးမှ**

ဦးစွာ ရောက်ရှိလာသည့် အကူအညီပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Andrei Lunak နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန် ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Andrei Lunak က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် ရုရှားနိုင်ငံ EMERCOM မှ Mr. Andrei KHOMENKO တို့က မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာမှု အကူအညီပစ္စည်းများကို လွှဲပြောင်းလက်ခံ လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Andrei Lunak ထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး လူသားချင်းစာနာမှု အကူအညီပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ပြည်သူများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တင်ဆောင်လာသော အကူအညီပစ္စည်းများတွင် ငါးသေတ္တာဘူး ၁၃ ဒသမ ၉၅ တန်၊ ပါစတာ ၁၀ ဒသမ ၅ တန်၊ မိုးကာတဲ ၁၀ ဦးဆံ့ ၂၅ လုံး (၂ ဒသမ ၉ တန်)၊ မီးစက်တစ်လုံး (၂ ဒသမ ၈ တန်)တို့ဖြစ်ကြောင်း သိရသည်။

မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပစ္စည်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ထောက်ပံ့ပေးလျက်ရှိရာ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ထား၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဝန်ကြီးဌာနအသီးသီးတို့နှင့်ချိတ်ဆက်၍ အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှု

**စစ်တွေ စက်တင်ဘာ ၉**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးအတွက် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး ပြည်သူ့ဆေးရုံကြီး တိုးချဲ့လေးထပ်ဆောင်နှင့် ဆေးကုဆောင်များတွင် ကျန်းမာရေးဝန်ထမ်း၊ သူနာပြုများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများ၏ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

စစ်တွေမြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဆေးရုံကြီးဝင်းအတွင်း စွန့်ပစ်အမှိုက်များ ကောက်ယူသိမ်းဆည်းခြင်း၊ မြက်ပင်များ၊ ပေါင်းပင်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။ ထို့ပြင် ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ခြင်းနှင့် ဆေးရုံကြီးအနီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ ထို့ပြင် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများကလည်း စွန့်ပစ်အမှိုက်များကို သိမ်းဆည်းပြီး အမှိုက်သိမ်းကားဖြင့် သိမ်းယူကာ သတ်မှတ်နေရာတွင် စနစ်တကျ စွန့်ပစ်ခဲ့ကြောင်းသိရသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင်လည်း မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**





ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်တွင် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မောက်မယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်၊ မြို့မစခန်းမှူး ဒုရဲမှူးမင်းနိုင်တို့ ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ရမည်းသင်းခရိုင်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခွင့်လက်မှတ်ပေးအပ်ပွဲ ကျင်းပ

**ရမည်းသင်း စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် သစ်တောဦးစီးဌာနက ရမည်းသင်းခရိုင်အတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးက နိုင်ငံတော်အစိုးရမူဝါဒနှင့်အညီ ပြည်သူများအကျိုးခံစားနိုင်စေရေး အစုအဖွဲ့ပိုင်သစ်တော၊ သစ်ပင်များကို တန်ဖိုးထား ချစ်မြတ်နိုးစေရန် ရှင်းလင်းပြောကြားပြီး ရမည်းသင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းသန်းထွန်းက ရမည်းသင်းမြို့နယ်နှင့်ပျော်ဘွယ်မြို့နယ်များရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကြိုးဝိုင်းကျူးကျော်ယာမြေများအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်စိုက်ပျိုးခြင်းလုပ်ငန်း၌ ခရိုင်အတွင်း ဒေသခံအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်နှင့်အညီစိုက်ပျိုးသည့်တောင်သူများအား နှစ် ၃၀ စိုက်ပျိုးနိုင်ရေး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်း တည်ထောင်စိုက်ပျိုးသည့်တောင်သူများအား အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခွင့်လက်မှတ်ကို ပေးအပ်ခဲ့ရာ မြင်းသေကျောကျေးရွာမှ တောင်သူ ဦးမောင်မောင်က ကျေးဇူးတင်စကားပြောကြားသည်။

ရမည်းသင်းခရိုင်အတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းကို ပျော်ဘွယ်မြို့နယ်မှ ရွှေညောင်ဖူးကျေးရွာနှင့် တဲကြီးကုန်းကျေးရွာတို့မှ ဒေသခံပြည်သူအစုအဖွဲ့ပိုင်တောင်သူ ၁၁၆ ဦး၊ စိုက်ပျိုးမြေ ၅၉၃ ဧက၊ ရမည်းသင်းမြို့နယ်မှ လက်ပတောကျေးရွာ၊ မြင်းသေကျောကျေးရွာ၊ အိုင်တိုကျေးရွာ၊ သန်းပင်ကွေ့ကျေးရွာနှင့်ရိုးနက်ကြီးကျေးရွာတို့မှ ဒေသခံပြည်သူအစုအဖွဲ့ပိုင်တောင်သူ ၈၉ ဦး၊ စိုက်ပျိုးမြေ ဧက ၅၄၀ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းကို ၂၀၂၂ ခုနှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မုဒုံမြို့၌ အမြဲတမ်းမသန်စွမ်းမှုငွေလုံးငွေရင်းအကျိုးခံစားခွင့်ထုတ်ပေး

**မုဒုံ စက်တင်ဘာ ၉**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုကြောင့်ဖြစ်ပေါ်ခဲ့သည့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့်ထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက KANBAWZAX Microfinance Co.,Ltd. အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်လူမှုဖူလုံရေးအဖွဲ့မှ ပြည်နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဆွေက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မုဒုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော KANBAWZAX Microfinance Co.,Ltd. မှ အာမခံအလုပ်သမားတစ်ဦး၏ လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် အမြဲတမ်းလုပ်အားဆုံးရှုံးမှု ၇၅ ရာခိုင်နှုန်းအတွက် ငွေလုံးငွေရင်း ကျပ် ၁၃၂၃၀၀၀၀၊ Sri Trang Ayeyar Co.,Ltd. မှ အာမခံအလုပ်သမားတစ်ဦး၏ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းလုပ်အားဆုံးရှုံးမှု ၅၀ ရာခိုင်နှုန်းအတွက် ငွေလုံးငွေရင်း ကျပ် ၃၅၂၈၀၀၀ ကို အလုပ်သမားများထံ ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အသိပညာတိုးတက်ရေးနှင့် လူတိုင်းလက်လှမ်းမီသော ဘက်စုံပညာရေးဆီသို့ . . .

**ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံမှာ နိုင်ငံသားပီသဖို့ အရေးကြီးဆုံးအရည်အချင်းက ဉာဏ်အမြော်အမြင် (Intelligence) ဖြစ်ပါတယ်။ ဉာဏ်အမြော်အမြင်ဆိုတာ အခြေခံပညာနဲ့ ဗဟုသုတအတွေ့အကြုံတွေ ပေါင်းစပ်ထားတာဖြစ်ပါတယ်။ ပညာတတ်မှသာ လူတစ်ဦးချင်းဂုဏ်သိက္ခာကို မြင့်မားစေသလို ပညာတတ်တွေ ပေါများတဲ့နိုင်ငံကသာ ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ ဆုံးဖြတ်နိုင်ခြင်း၊ ထွန်းလင်းတောက်ပနိုင်ခြင်းတွေနဲ့ ပြည့်စုံမှာဖြစ်ပါတယ်။**

**မေဦးမိုး**

မိမိတို့နိုင်ငံက အရေးပေါ်အခြေအနေကာလ တစ်ရပ်ကိုဖြတ်သန်းနေပြီး နိုင်ငံတော်အစိုးရအနေနဲ့ အခြေအနေနဲ့ အချိန်အခါအလိုက် လိုက်လျောညီထွေဖြစ်အောင် နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာတွေမှာ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါတယ်။ တခြားအရေးကိစ္စများနည်းတူ နိုင်ငံသားတွေအားလုံး အသိပညာ၊ အတတ်ပညာ တိုးတက်ရေးကို ချန်လှပ်မထားဘဲ အားသွန်ကြိုးပမ်းဖြည့်ဆည်းနေခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရာမှာ အဲဒီစနစ်ကို အကောင်အထည်ဖော်မယ့်သူ၊ ဦးဆောင်မယ့်သူ၊ လိုက်နာကျင့်သုံးကြမယ့်သူတွေအားလုံး အသိပညာ၊ အတတ်ပညာတွေ ပြည့်ဝစေဖို့ ရည်ရွယ်ခြင်းပါ။



## ပြည်သူအားလုံးစာတတ်မြောက်စေလို

ပညာရေးနဲ့ပတ်သက်ပြီး **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**က စက်တင်ဘာလ ၁ ရက်နေ့မှာကျင်းပတဲ့ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃)** တွင် "မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရန် အမြဲမပြတ် တိုက်တွန်းအားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တတ်မြောက်ရန်လိုကြောင်း" အလေးအနက် ထည့်သွင်းပြောကြားခဲ့ပါတယ်။

စင်စစ်အားဖြင့် မြန်မာနိုင်ငံက စာမတတ်သူ ပပျောက်ရေးလှုပ်ရှားမှုတွေကို ၁၉၆၄ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ အစဉ်တစိုက် ဆောင်ရွက်ပေးခဲ့ကြတဲ့ နိုင်ငံတော်အစိုးရတွေနဲ့ ဆရာတွေရဲ့ကျေးဇူးကြောင့် မြန်မာနိုင်ငံရဲ့ စာတတ်မြောက်နှုန်းက ၁၉၀၁ ခုနှစ်မှာ ၂၈ ရာခိုင်နှုန်းရှိခဲ့ရာကနေ လွတ်လပ်ရေးရပြီးစ ၁၉၄၈ ခုနှစ်မှာ ၃၅ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်မှာ ၉၄ ဒသမ ၄၅ ရာခိုင်နှုန်းကို ရောက်ရှိလာခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၄ ခုနှစ်က ကောက်ခံခဲ့တဲ့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်တွေအရ အသက် (၁၅) နှစ်နဲ့အထက် စာမတတ်သူဦးရေ ၃ ဒသမ ၅ သန်းရှိသလို အကြောင်းအမျိုးမျိုးနဲ့ မူလတန်းမပြီးဆုံးသူတွေက ၂ ဒသမ ၇ သန်းရှိနေတာတွေက စာတတ်မြောက်မှုလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဆက်လက်လုပ်ဆောင်သွားဖို့ လိုအပ်နေသေးတာကို မီးမောင်းထိုးပြထားသလိုပါပဲ။

တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကြည့်မယ်ဆိုရင် ကျေးလက်ဒေသတွေမှာ အခြေခံပညာ အလယ်တန်းကျောင်း ၁၃၈၇၉ ကျောင်းနဲ့ မူလတန်းကျောင်း ၂၁၅၅၀၊ မြို့ပေါ်တွေမှာ အခြေခံပညာ အလယ်တန်းကျောင်း ၁၆၂၆ ကျောင်းနဲ့ မူလတန်းကျောင်း ၃၃၁၈ ကျောင်းရှိတာကို စာရင်းဇယားတွေအရ တွေ့ရှိရပါတယ်။ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကျေးလက်မှာ အခြေခံပညာကျောင်းတွေ ပိုမိုဖွင့်လှစ်ပေးနိုင်တယ်လို့ ဆိုရမှာပါ။ သို့ပေမယ့် ကျေးလက်တွေမှာ မြို့ပြထက် ကျောင်းနေသူရာခိုင်နှုန်းနည်းပါးတာ၊ ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားကြတာတွေအပြင် တိုင်းရင်းသားဒေသတွေဆိုရင် ဘာသာစကားအခက်အခဲ၊ ပညာရေးအားပေးမှုနည်းပါးတာနဲ့ အဖျက်သမားတွေကြောင့် ပညာသင်ယူမှုအဟန့်အတား စတဲ့အခက်အခဲပေါင်းစုံက ကလေးတွေရဲ့ ပညာသင်ယူနိုင်မှုကို စိန်ခေါ်လျက်ရှိပါတယ်။

အစိုးရအနေနဲ့ အသက် (၁၅) နှစ်အထက် စာမတတ်သူတွေကို နှစ်အလိုက် လျှော့ချနိုင်ဖို့ အမျိုးသားပညာရေးအထူးစီမံကိန်းတွေမှာ ထည့်သွင်းရေးဆွဲထားပြီး အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) မှာ ကျောင်းပြင်ပရောက်ကလေးငယ်တွေအတွက် ကျောင်းပြင်ပမူလတန်းပညာရေးနဲ့ ကျောင်းပြင်ပအလယ်တန်းပညာရေးလုပ်ငန်းတွေပါ တိုးချဲ့ဆောင်ရွက်နေပါတယ်။ စာမတတ်သူတွေအတွက် အခြေခံစာတတ်မြောက်ရေး အစီအစဉ်တွေကိုလည်း ချမှတ်ပြီး နှစ်အလိုက် ဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားပညာရေးဥပဒေ (၂၀၁၄) မှာလည်း အခြေခံပညာရေးကို ဦးတည်ဆောင်ရွက်ရန်နဲ့ အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ဖို့ ပြဋ္ဌာန်းထားပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်က "ကျောင်းပြင်ပပညာရေးဖြင့် မူလတန်းပညာ KG + 5 အထိ သင်ကြားပေးနိုင်ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၄ ခုနှစ်တွင် လက်တွေ့ဆောင်ရွက်အောင်မြင်ခဲ့သည့် သာဓကရှိကြောင်း၊ ၎င်းမှတစ်ဆင့် KG + 9 ကို သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့၏ ပညာရည်မြင့်မားရေးမျှော်မှန်းချက်တွင် အဆိုပါအချက်ကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း" **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃)** မှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

## နိုင်ငံတကာပညာရေးစနစ်ပြောင်းလဲကျင့်သုံး

ယခုအခါ ပညာရေးစနစ်ကို (KG+10)အခြေခံပညာရေးစနစ်ပုံစံကနေ (KG+12) စနစ်ဖြစ်တဲ့ နိုင်ငံတကာပညာရေးစနစ်ကို ပြောင်းလဲကျင့်သုံးနေပါပြီ။ မိမိကိုယ်ကို အားကိုးရပ်တည်ပြီး အသိပညာ၊ ဗဟုသုတ၊ သုတေသန ဖွံ့ဖြိုးတိုးတက်စေမယ့် ခေတ်မီထိရောက်တဲ့ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲထားနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

အသစ်ထပ်မံချမှတ်ထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် (၉) ရပ်၊ လူမှုရေးဦးတည်ချက် ပထမအချက်မှာ **"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"** ကို ထည့်သွင်းချမှတ်ထားပြီး ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုတဲ့ ပညာသင်ကြားမှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အထောက်အကူပြုစေမယ့် ပညာသင်ကြားမှုတွေကိုလည်း တစ်ပါတည်း ပေါင်းစပ်သင်ကြားပေးနိုင်ဖို့ ဆောင်ရွက်နေတာကို မြင်တွေ့ရပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်တွေကို စတင်ထမ်းဆောင်ချိန်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေအတွက် အသိပညာရှင်၊ အတတ်ပညာရှင်နဲ့ ကျွမ်းကျင်သူတွေကို မွေးထုတ်ပေးနိုင်မယ့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနဲ့ အခြေခံပညာ၊ သက်မွေးပညာကျောင်းတွေ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်ခဲ့သလို အလယ်တန်းနဲ့ အထက်တန်း သင်ယူပြီးမြောက်မှုမှတစ်ဆင့် အသက်မွေးဝမ်းကျောင်းဘာသာရပ်တွေ ဆက်လက်လေ့လာသင်ယူနိုင်စေရေးအတွက် ပညာရေးအစီအမံတွေကိုလည်း ချမှတ်ခဲ့တာကို မြင်တွေ့ရပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်ပြီး အကျိုးပြုနိုင်ဖို့နဲ့ ဥပဒေအခြေခံကို လက်တွေ့ကျကျသိရှိနိုင်ဖို့ L.L.B ဘွဲ့အပြင် B.A (Law) ဘွဲ့ကို တက်ရောက်နိုင်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

> **ခေတ်သစ်လူ့အဖွဲ့အစည်းမှာ ပညာတတ်မြောက်မှုက အလွန်အရေးကြီးပါတယ်။ နယ်လ်ဆင်မန်ဒဲလားက "ပညာရေးဟာ ကမ္ဘာကို ပြောင်းလဲရာမှာသုံးဖို့ အင်အားအကြီးမားဆုံးလက်နက်" လို့ ဆိုပါတယ်။ ပညာတတ်မြောက်မှသာ အနာဂတ်နဲ့ တည်ငြိမ်တဲ့ဘဝအတွက် အာမခံချက်ရှိလာမှာဖြစ်သလို မိမိစိတ်ကူးအိပ်မက်တွေနဲ့ မိမိတို့ရဲ့မျိုးဆက်ကို ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးနိုင်မှာဖြစ်**

## လူတိုင်းပညာသင်ယူခွင့်ရှိ

နိုင်ငံတော်ကနေ ပညာရေးကဏ္ဍအဆင့်မြင့်တင်ဖို့နဲ့ စာတတ်မြောက်ဖို့အတွက် မူဝါဒတွေချမှတ်ပြီး ကြိုးပမ်းအားထုတ်နေရုံ၊ လက်ကမ်းကြိုနေရုံနဲ့ ပညာရေးမြင့်မားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ Education For All လူတိုင်းပညာသင်ယူခွင့်ရှိတာနဲ့အညီ မိဘတိုင်းက ကလေးတိုင်းကို အခမဲ့ပညာရေးဖြစ်တဲ့ အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့်တွေ ပြီးမြောက်အောင် ကျားကန်ပေးတာ၊ ဆရာတိုင်းကလည်း ပြောင်းလဲလာတဲ့ သင်ရိုးညွှန်းတမ်းတွေကို အမြဲမပြတ် ဆည်းပူးလေ့လာဖြည့်ဆည်းပြီး စနစ်တကျ လေ့ကျင့်သင်ကြားပေးတာ၊ ပညာရေးကဏ္ဍ အခြေခံအဆောက်အအုံတွေကို ဖြည့်တင်းပေးတာ၊ သင်ယူသူ ကျောင်းသား ကျောင်းသူတွေကိုယ်တိုင်ကလည်း အပတ်တကုတ် ကြိုးစားပြီး လက်လှမ်းယူကြဖို့ လိုအပ်ပါသေးတယ်။ ထို့အတူ ပြောင်းလဲလာတဲ့ ပညာရေးနဲ့ သက်မွေးပေါင်းကူးပညာရေးစနစ်ကို သဘောပေါက်ပြီး ဝါသနာပါရာ၊ မိမိအခြေအနေနဲ့ ကိုက်ညီရာ ပညာရပ်တွေကို စနစ်တကျလေ့လာကြဖို့ တိုက်တွန်းပါတယ်။

ခေတ်သစ်လူ့အဖွဲ့အစည်းမှာ ပညာတတ်မြောက်မှုက အလွန်အရေးကြီးပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံရဲ့ လူဦးရေ သုံးပုံတစ်ပုံက လူငယ်တွေဖြစ်ကြပြီး လူငယ်တွေ ပညာတတ်မြောက်မှု မြင့်မားမှသာ တိုင်းပြည်အနာဂတ်က ဖွံ့ဖြိုးသာယာမှာပါ။ နယ်လ်ဆင်မန်ဒဲလားက "ပညာရေးဟာ ကမ္ဘာကို ပြောင်းလဲရာမှာသုံးဖို့ အင်အားအကြီးမားဆုံး လက်နက်" လို့ ဆိုပါတယ်။ ပညာတတ်မြောက်မှသာ အနာဂတ်နဲ့ တည်ငြိမ်တဲ့ဘဝအတွက် အာမခံချက် ရှိလာမှာဖြစ်သလို မိမိစိတ်ကူးအိပ်မက်တွေနဲ့ မိမိတို့ရဲ့မျိုးဆက်ကို ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးနိုင်မှာဖြစ်တယ်လို့ တိုက်တွန်းလိုက်ရပါတော့တယ်။ ။

- **❖ ဉာဏ်အမြော်အမြင်ဆိုတာ အခြေခံပညာနဲ့ ဗဟုသုတအတွေ့အကြုံတွေ ပေါင်းစပ်ထားတာဖြစ်ပါတယ်။ ပညာတတ်မှသာ လူတစ်ဦးချင်းဂုဏ်သိက္ခာကို မြင့်မားစေသလို ပညာတတ်တွေပေါများတဲ့နိုင်ငံကသာ ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ ဆုံးဖြတ်နိုင်ခြင်း၊ ထွန်းလင်းတောက်ပနိုင်ခြင်းတွေနဲ့ ပြည့်စုံမှာဖြစ်ပါတယ်**
- **❖ ယခုအခါ ပညာရေးစနစ်ကို (KG+10)အခြေခံပညာရေးစနစ်ပုံစံကနေ (KG+12)စနစ်ဖြစ်တဲ့ နိုင်ငံတကာပညာရေးစနစ်ကို ပြောင်းလဲကျင့်သုံးနေပါပြီ။ မိမိကိုယ်ကို အားကိုးရပ်တည်ပြီး အသိပညာ၊ ဗဟုသုတ၊ သုတေသနဖွံ့ဖြိုးတိုးတက်စေမယ့် ခေတ်မီထိရောက်တဲ့ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲထားနိုင်ခဲ့ခြင်းဖြစ်**




**၂၀၂၃ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်**

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်


ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သန့်ရှင်းလှပရေးအတွက် အမှတ်(၁၉)ရပ်ကွက်ရှိ အထွေထွေရောဂါကုဆေးရုံကြီးဝင်း၌ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ ခရိုင်(ပြန်/ဆက်)


ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ခရိုင်ပြည်သူ့ဆေးရုံဝင်းနှင့် လမ်းဝဲ/ယာတစ်လျှောက်၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ခရိုင်(ပြန်/ဆက်)


ချင်းပြည်နယ် တီးတိန်မြို့ (ခုတင်-၁၀၀) ဆံ့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

**နေပြည်တော် စက်တင်ဘာ ၉**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာ ဒေသများ သန့်ရှင်းသာယာလှပရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင် ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၁ မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၀ တို့၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံးဝင်းအတွင်း/အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင်ပိုးမွှားများ ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများအား အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လွိုင်လင်မြို့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဘေဘုတ် ပြောင်းလဲတပ်ဆင်



**လွိုင်လင် စက်တင်ဘာ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်က ဦးဆောင်၍ စက်တင်ဘာ ၁၃ ရက်တွင်ရောက်ရှိမည့် ဧကဒသမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်နှင့် အမှတ်တံဆိပ်ပါ အသိပညာပေး ဘေဘုတ် ပြောင်းလဲတပ်ဆင်ခြင်းကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့မှ လွိုင်လင်မြို့အဝင် ဆိုင်းဘုတ်အနီးတွင် ကျင်းပသည်။

ထို့နောက် လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်စိုးတို့က ဘေဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါဘေဘုတ်တွင် ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် လူကုန်ကူးခံရသူတိုင်းကို ဖော်ထုတ်သတ်မှတ်ပြီး ကာကွယ်စောင့်ရှောက်မှုရရှိဖို့ ဆောင်ရွက်ကြပါစို့ဟူ၍ ပါရှိပြီး အခမ်းအနားသို့ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ မိတ်ဖက်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပုသိမ်ပညာရေးဒီဂရီကောလိပ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပုသိမ် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲကို ပုသိမ်ပညာရေးဒီဂရီကောလိပ် ပညာရတနာခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်မြမာလာစိုးက ကလေးများစိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုမဖြစ်စေရေးအတွက် မိဘများအနေဖြင့် မည်သို့ပြုစုပျိုးထောင်ရမည်များနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါအကြောင်းအရာများ၊ ဦးစီးဌာနအနေဖြင့် ကိုင်တွယ်ဖြေရှင်းပေးနေသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်အယ်လ်မာစိုးက ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ဥပဒေပါ ကလေးသူငယ်အခွင့်အရေးနှင့် ကာကွယ်ပေးရေးကိစ္စရပ်များနှင့်ပတ်သက်၍ ကလေးသူငယ်များအားပြုမူခြင်းနှင့် ပတ်သက်သည့် ပြစ်မှုနှင့်ပြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ဟောပြောပွဲအပြီးတွင် ပုသိမ်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ဒုတိယတိုင်းဥပဒေအရာရှိတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၉**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ယမန်နေ့က အလယ်ချောင်းကျေးရွာအုပ်စု တောင်မြင့်ရွာမကျေးရွာသို့ ရောက်ရှိကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်မြင့်ရွာမကျေးရွာ Church ကျောင်း၌ အလယ်ချောင်းကျေးရွာအုပ်စု၊ ဘို့မကျေးရွာအုပ်စုနှင့် ကိုးတစ်ကျေးရွာအုပ်စုမှ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ရေးပစ္စည်းများနှင့်ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်သည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဝင်က မြို့ပြနှင့် ကျေးလက်ဒေသ ကွာဟမှုမဖြစ်စေရေးနှင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ပေါ်ဒေသကိုလာရောက်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များကို ရင်းနှီးပွင့်လင်းစွာ တင်ပြပေးစေလိုကြောင်း၊ ထိုသို့ ဆွေးနွေးတင်ပြမှသာ ဒေသလိုအပ်ချက်များကို မိမိတို့အနေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ရောက်ရှိနေသည့် အချိန်အတွင်း၌လည်း ကျေးရွာအုပ်စုအတွင်းရှိ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကိစ္စရပ်များကို တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းလုံခြုံရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အလယ်ချောင်းကျေးရွာအုပ်စု၊ ဘို့မကျေးရွာအုပ်စုနှင့် ကိုးတစ်ကျေးရွာအုပ်စုတို့အတွင်းရှိ ကျေးရွာများမှ Church ကျောင်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ထောက်ပံ့ငွေတို့ကို ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျောင်းအုပ်ဆရာကြီးများက လက်ခံရယူကြသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသန်းထွန်းအောင်က အလယ်ချောင်းကျေးရွာအုပ်စု၊ ဘို့မကျေးရွာအုပ်စုနှင့် ကိုးတစ်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆)တို့ကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများက မိမိတို့ဒေသအတွက် ဆောင်ရွက်ပေးစေလိုသည့် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆိုလာမီးများတပ်ဆင်နိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးစီးသည့် အဖွဲ့သည် တောင်မြင့်ရွာမ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ပျဉ်းမနား တောင်ပေါ်ဒေသကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ ဆရာမများကို တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသုံးစာရေးကိရိယာပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တောင်မြင့်ရွာမ အခြေခံပညာ အလယ်တန်းကျောင်းတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရာ ကုသရေးဦးစီးဌာန၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးလက်နေပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ တာဝန်ရှိသူများက အလယ်ချောင်းကျေးရွာအုပ်စု၊ ဘို့မကျေးရွာအုပ်စုနှင့် ကိုးတစ်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများကို ပန်းခင်းစီမံချက် (၂)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

သတင်းစဉ်



ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် စက်တင်ဘာ ၉ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့်အဖွဲ့ဝင်များ ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

သန်းထွန်းအောင်(ပြန်/ဆက်)



(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့နယ် ပန်ဆိုင်းမြို့ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီက ပန်ဆိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်သက်မင်းထိုက် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ရဲပြန်ကြား

# ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၉**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှု၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရတနာပန်းတောင်း ရေယာဉ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပေးပို့သည့် သစ် ၁၆၅၃ ဒသမ ၇၄ တန်၊ ၉ မီတာ ကွန်ကရစ်မီးတိုင် ၂၉၄ တိုင်၊ ကျန်းမာရေးသုံးပစ္စည်း ခြောက်တန်၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးပစ္စည်းများ



အပါအဝင် စုစုပေါင်း ၁၈၃၉ ဒသမ ၄၃ တန်ကို လည်းကောင်း၊ စိန်မင်းသား ရေယာဉ်သည် United Nations Office for the Coordination of Humanitarian Affairs (UNOCHA) မှ ပေးပို့သည့် ဆန် ၂၄ ပြည်ဝင် ၂၀၀၅၄ အိတ် စုစု ပေါင်း ၁၀၀၂ ဒသမ ၆၆ တန်ကို လည်းကောင်း တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်

## ဝေန်မြစ်ရေ သာပေါင်းမြို့၌ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၉**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

# (၂၅)ကြိမ်မြောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

မော်လမြိုင် စက်တင်ဘာ ၉

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၏ (၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက မွန်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ တရားလွှတ်တော် တရားသူကြီးများ၊ ခရိုင်/မြို့နယ် တရားသူကြီးများနှင့် တရားရေး အရာရှိများ စုစုပေါင်း ၆၀ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စု တရားသူကြီးချုပ်၏ မှာကြားချက်ဖြစ်သော ပြည်သူအများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး၊ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး စသည့် အဓိက လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အမှုများကိုလည်း ကြန့်ကြာမှု မရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေး ပြီးပြတ်ရေးအတွက် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကိုလည်း တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်နယ် တရားလွှတ်တော် တရားသူကြီးများက ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ မှာကြားချက်များနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

# ကွမ်းခြံကုန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



ကွမ်းခြံကုန်း စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကွမ်းခြံကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ်အတွင်း စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဦးစွာ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဒေးဒနောကျေးရွာ အ-မ-က မူလွန်ကျောင်းဆောင် ဆောက်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဒုတိယပညာရေးမှူးနှင့် ဆရာ ဆရာမများနှင့်တွေ့ဆုံကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး ကံကြီး/မကျီးရပ်ကွက်၊ မြို့သစ်၊ ထန်းတောဓမ္မာရုံတွင် ဇီဝဆိုင်ရာအချက်အလက် သရုပ်ပြကောက်ယူမှုအခြေအနေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ရပ်ကွက်အတွင်း ကွန်ကရစ်လမ်းခင်းခြင်းများကို ကြည့်ရှုခြင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့စီစဉ်ကြီးကြပ်မှုဖြင့် ပြည်သူများသက်သာချောင်ချိစေရေး အတွက် စာအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၃၆၀ နှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တော်ကူးအရှေ့ကျေးရွာအုပ်စု တော်ကူးအရှေ့ဓမ္မာရုံတွင် ပြည်သူ့လုံခြုံရေးအဖွဲ့များနှင့်တွေ့ဆုံ၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)



# ကျိုက်မရောမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ကျိုက်မရော စက်တင်ဘာ ၉

မွန်ပြည်နယ် ကျိုက်မရောမြို့ နယ် အထက(ပိန်းနဲကုန်း) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးကိုကိုလွင်နှင့် ဝန်ထမ်းများက ယနေ့နံနက် ၁၀ နာရီက ပန်းခင်း(၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်း(၂)စီမံချက်ဖြင့် အ.ထ.က (ပိန်းနဲကုန်း)မှ ကျောင်းသား ကျောင်းသူ ၁၈၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသည့် အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများသို့လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၉-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၅၀ | ၂၃၃၀ | ၂၄၂၅ | ၂၄၄၅ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၁၅ | ၃၃၁၅ |
| 95 Ron | ၂၄၁၅ | ၂၄၆၅ | ၂၄၆၅ | ၂၄၂၅ | ၂၄၆၅ | ၂၄၉၀ | ၂၄၇၀ | ၂၄၅၀ | ၂၅၅၀ | ၂၅၆၅ | ၂၄၅၅ | ၂၄၇၅ | ၂၅၀၀ | ၂၅၀၅ | ၂၅၀၅ | ၂၇၃၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၀ | ၂၅၈၅ | ၂၅၈၀ | ၂၅၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၅၉၀ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၆၄၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၅ | ၂၇၄၅ | ၂၇၄၀ | ၂၆၃၀ | ၂၆၄၅ | ၂၆၇၅ | ၂၆၇၅ | ၂၆၈၀ | ၂၉၁၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၅၉၀ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၆၄၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၅ | ၂၇၄၅ | ၂၇၄၀ | ၂၆၃၀ | ၂၆၄၅ | ၂၆၇၅ | ၂၆၇၅ | ၂၆၈၀ | ၂၉၁၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၈၄ | ၂၂၆၁ |
| 95 Ron | ၂၃၀၁ | ၂၃၈၁ |
| HSD (500 ppm) | ၂၃၉၇ | ၂၄၇၄ |
| HSD (50 ppm) | ၂၄၇၁ | ၂၅၄၉ |
| HSD (10 ppm) | ၂၄၇၁ | ၂၅၄၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၃၁ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၈-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၃၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၅ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာတင်သွင်းလာသည့် Har Har Baby Diaper ၈၁၉၄ ဒသမ ၅ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၁၄၀၈၅၉၂၇ ကျပ်) ကိုလည်းကောင်း၊ စက်တင်ဘာ ၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ ဝန်စည်တစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် DJI Mavic 3 Classic Drone နှစ်ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Essence Softener ကီလိုဂရမ် ၅၀၀၀၊ Foremost Omega 369 နို့ထွက်ပစ္စည်းဘူး ၂၈၀၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၇၈၄၅၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel တစ်စီး၊ Chang Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀) ကိုလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၁၃၇၆၄၃၇၇ ကျပ်ကို** သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ထို့အပြင် စက်တင်ဘာ ၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုး-မူဆယ် လမ်းမကြီး မိုင်တိုင်အမှတ် (၁၈၄/၅)အနီး၌ ရပ်တန့်ထားသော လိုင်စင်မဲ့ Toyota Min Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၀၀၀၀၀၀) ကိုလည်းကောင်း၊ သိန္နီမြို့အဝင် နမ္မတူတံတားအနီး၌ မူဆယ်မြို့မှ ချင်းရွှေဟော်မြို့သို့ မောင်းနှင်လာသည့် ယာဉ်ခုနစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဟင်းနွေးစက် လေးခု၊ Phone Cover ကီလိုဂရမ် ၁၆၀၊ ဆိုင်ကယ်အပိုပစ္စည်းများ ဖြစ်သည့် Shock Absorber အခု ၂၀၀၊ Piston အခု ၂၀၀၀၊ Brake Shoe အခု ၈၀၀ နှင့် မျက်နှာကြက်မီးဆိုင်း အခု ၅၀ အပါအဝင် ကုန်ပစ္စည်း ၂၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van ခြောက်စီးနှင့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀၀) ကိုလည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၃၃၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့အပြင် စက်တင်ဘာ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးလမ်းဆုံ မီးပွိုင့်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် PE Transparent Plastic Sheet ကီလိုဂရမ် ၆၆၀၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၉၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၉၂၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၅၀၀၀၁၄၃၇၇ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သောင်းဒန် ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သန်လျင်မြို့ အမှုထမ်းရပ်ကွက်ရှိ ကျိုက်ဖောဓိစေတီတော်မြတ်ကြီးတွင် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)




(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမင်းအောင် ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြို့ပေါ်ဌာနဆိုင်ရာများ ပူးပေါင်း၍ စက်တင်ဘာ ၉ ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်း အတွင်း/အပြင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

နန်းသာရီ-ထိန်ဝင်း

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၉-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ ခေါ်မွေ့ဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ တန်ဖိုးမြင့်ထုတ်ကုန် ပွဲနှသီအစွမ်း
- ၀၉:၂၀ တရုတ်ကာတွန်း **'ဖြူ့ဝင်စိတ်ရှု'** (အပိုင်း-၂၆) (ဇာတ်သိမ်း)
- ၁၀:၀၀ 'သတင်းသမားပြောတဲ့သတင်းစကား'
- ၁၀:၃၀ "Music Travellers-6" တေးဂီတဖျော်ဖြေပွဲ
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၀ This Week's Special Interest
- ၁၃:၀၀ MRTV National News
- ၁၃:၃၀ မြန်မာဂန္ထဝင်ရုပ်ရှင် **'ချစ်သူရွေးမယ် ချစ်ဝဲလယ်'** (ဝင်းဦး၊ မြင့်မြင့်ခင်၊ တင်တင်နွဲ့၊ မြင့်မြင့်နိုင်)
- ၁၆:၃၅ Sports Diary
- ၁၇:၂၅ ရိက္ခာပြည့်ဖြိုးဝင်ငွေတိုး ပူလုံကြွယ်ဝသားငါး ကဏ္ဍမှသည် (မရမ်းစွဲဘာပုစွန်ဇုန်ဆီ)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဗိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုက်ရုံး'** (အပိုင်း-၄၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ **'မြတ်မွန်ဘဝအစကကြီးငရဲ'** (အပိုင်း-၃)
- ၂၁:၂၀ ဆေးရောင်စုံရုပ်ရှင် **'ထူးထူးခြားခြားဇိဿား'** (ရဲအောင်၊ မိုမိုမြင့်အောင်၊ မျိုးသန္တာထွန်း)

### mitv

- 07:01 Evergreen Classic: Migadawon (Tekkatho Lei Lei)
- 07:11 Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith
- 07:28 Myanmar Traditional Instruments - Myanma Harp (Episode-2)
- 07:53 Will you feed the pigeons?
- 08:01 News
- 08:27 The Usefulness of Thread
- 08:46 Listening Pleasure, Instrumental Music (Xylophone) Misty Fog in Early Summer(Pariyesana)
- 09:01 His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 2) 1960~1970
- 09:35 Today Myanmar: Tele Rehabilitation Stroke Program
- 09:46 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-
- 10:01 News

### MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** ကျန်းမာရေးအတွက် ငှက်သိုက်ပေါင်းရည်
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** လူတိုင်းအတွက်ကျန်းမာရေး
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** တိုင်းနေအထက်ရှမ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ
- **ဝ (၁၂:၀၀ မှ ၁၄:၀၀)** ဝစာပေစကားပြောကြရအောင် (တိရိစ္ဆာန်ဆိုင်ရာအခေါ်အဝေါ်များ)
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** သဘာဝဖြစ်တည်တောင်ကွဲအလှရှိရာ ငွေတောင်မြို့
- **ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၂)
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ကရင်စကားပုံများအကြောင်း (အပိုင်း-၂)
- **အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)** နည်းမှန်စိုက်ပျိုးဝင်ငွေတိုး (သခွားစိုက်ပျိုးနည်း)
- **ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)** နာနတ်သီးနှင့်ကျန်းမာရေး
- **ချင်း (ချို) (၂၂:၀၀ မှ ၂၃:၀၀)** ချပ်ကျေးရွာမှတောင်ပေါ်ပန်းသီးများ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၁၅ ပြည်သူ့အကျိုးပြုစေတနာ့ဝန်ထမ်း
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'မမှန်သတင်းပေးခြင်း'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၁)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၄၅ စက်မှုလယ်ယာစနစ်ကိုဦးတည် မြို့သစ်မြို့နယ်တကိုရုံတောင်ကျေးရွာဆီ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် (အပိုင်း-၂)
- ၁၉:၀၀ ကျွန်မခင်ပွန်း၏လျှို့ဝှက်ချက် (အပိုင်း-၁၂)
- ၁၉:၄၅ When food becomes scarce- high-tech farms of the future
- ၂၂:၀၀ လုတောသားနဲ့ယောက္ခမလောင်း (ဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Football Highlight

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ကသာ စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ယနေ့နံနက် ၈ နာရီခွဲတွင် ကသာမြို့ မြို့တော်ခန်းမ၌ စတုတ္ထအကြိမ်မြောက် ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးထွန်းကျော်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်းနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးရာတွင် အသက် ၁၆ နှစ် ပြည့်ပြီးသူတိုင်းကို ဆောင်ရွက်ပေးနေခြင်း ဖြစ်ပြီး အပတ်စဉ်တိုင်း ကသာမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ဆောင်ရွက်ပေးခဲ့ရာ ယခုနှစ်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၄၀၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ၇၀ နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ၄၅ ဦး ပြုလုပ်ပေးပြီးဖြစ်သည်။

ကသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ကသာမြို့ပေါ်ရှိ ၁၀ ရပ်ကွက်နှင့် ကျန်တောကျေးရွာအုပ်စု၊ တုံးပေါကျေးရွာအုပ်စုတို့မှ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများကို အပတ်စဉ်တိုင်း သတ်မှတ်နေရာ၊ သတ်မှတ်အချိန်တွင် ပြုလုပ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းနှင့် ယနေ့ တွင် ၆၆ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **အေးမြသက်ထား**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရပ်ကွက်ရှိ ဆေးရုံဝင်းအတွင်း၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

အောင်မြင့်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီက ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး သန်းဌေးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးစိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

## မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၉

**ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။

အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိပ်သာမြို့၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

**သွေး သည် အ သက်**


### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၆၊ မြေကွက်အမှတ်-၆၁၀/ခ၊ (အလျား ၂၀ပေXအနံ ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်ပြောအမည်ပေါက် ပါမစ်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၆၁၀/ခ)၊ ငွေသရဖူလမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂)ထပ်တိုက်နေအိမ်အဆောက်အဦနှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အဆက်အစပ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဇာခြည်ဖြိုး [၁၂/ဒဂတ(နိုင်)၀၅၀၃၅၉]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်၊ နေအိမ်အဆောက်အဦတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်နှင့် နေအိမ်အဆောက်အဦတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမောင်မောင်သူရ (မြောင်းမြ)**
**LL. B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)**

**ဦးဇေယျာထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၂၅၃၂)**

**ဒေါ်ချယ်ရီလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)**

**ဦးစိုးလွင်ဦး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)**

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**


## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Than Hlaing Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွာသစ်ရွာနေ သန်းလှိုင်ဦးအား နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် စစ်ကိုင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-ဂျေ)၊ မြေကွက်အမှတ်(၁၁၂/၁.ပ၄)၊ ဧရိယာ(၀.၁၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးခင်ကြွယ် [၁၂/ဒဂန(နိုင်)၀၁၉၀၃၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးခင်ကြွယ်သည် (၁၀-၄-၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်စိန်ရင်(ခ)ဒေါ်ဆွေဆွေလွင်မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပြီး၊ အခြားသောဇနီး/မိန်းမ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း (၇-၇-၂၀၂၃)ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးခင်ကြွယ်၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဒေါ်စိန်ရင်(ခ)ဒေါ်ဆွေဆွေရင် [၁၂/ဒဂန(နိုင်)၀၁၉၀၃၉]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်-၁၂၅၇၈/ ၂၀၂၃ (၄-၇-၂၀၂၃)ရရှိသူ ဦးထင်ကြွယ် [၁၂/ဒဂန(နိုင်)၀၀၀၁၄၁]မှ အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာနှင့် ကိုယ်စားလှယ်လွှဲစာတို့ပူးတွဲပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


**○ ပီလီမှ**

သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့ပေမယ့် ပင်နယ်တီသွင်းဂိုးကိုတော့ လွဲချော်ခဲ့ရတာ ဖြစ်ပါတယ်။ တိုက်စစ်မှူး နေမာဟာ ဘရာဇီးအသင်းနဲ့အတူ ၁၂၅ ပွဲမှာ သွင်းဂိုး ၇၉ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် တိုက်စစ်မှူး ပီလီရဲ့ နိုင်ငံအသင်းနဲ့ တင်ရှိထားတဲ့ သွင်းဂိုး ၇၇ ဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ပီလီဟာ ၁၉၅၇ ခုနှစ်နဲ့ ၁၉၇၁ ခုနှစ်အတွင်း ဘရာဇီးနိုင်ငံလက်ရွေးအသင်းအတွက် ၉၂ ပွဲမှာ ၇၇ ဂိုး သွင်းယူခဲ့သူဖြစ်ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းက အသက် ၈၂ နှစ်အရွယ်မှာ သေဆုံးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး နေမာဟာ ဘိုလီဗီးယားအသင်းနဲ့ ပွဲစဉ်အပြီးမှာ ပီလီရဲ့ ဂိုးသွင်းစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့တာကြောင့် ဘရာဇီးဘောလုံးအဖွဲ့ချုပ်ကလည်း ဆုချီးမြှင့်ခဲ့ပါတယ်။ **ငွေကြယ်**

**❂ အာရှဖလားမှ**

မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာပေးခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ငါးဂိုးထပ်ပေးရသဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

အုပ်စု(ခ)အခြားပွဲတွင် တောင်ကိုရီးယားအသင်းက ကာဂျစ္စတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ကာတာအသင်းနှင့်တွေ့ဆုံသည့်ရလဒ်များကို အုပ်စုအဆင့်ရပ်တည်မှုတွင် ထည့်သွင်းတွက်ချက်ခြင်းမရှိသဖြင့် တောင်ကိုရီးယားအသင်းက တစ်ပွဲကစားတစ်ပွဲနိုင် သုံးမှတ်၊ မြန်မာအသင်းက တစ်ပွဲကစား တစ်မှတ်၊ ကာဂျစ္စတန်အသင်းက နှစ်ပွဲကစား တစ်မှတ် ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၁၂ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ-MFF**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ ငုရွှေဝါလမ်း၊ မြေကွက်အမှတ်–ရ၁(ခ)၊ အကျယ်အဝန်း(၂၀ပေx ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဦးကျော်ကျော်နိုင်(၁၂/ဗဟန(နိုင်)၁၂၈၈၅၇)**က အမည်ပေါက်လျက်ရှိပြီး ယင်းမြေနှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဦးအောင်မင်းဦး(၁၂/ဒဂတ(နိုင်)၀ရ၀၈၉၁)**က ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူကာ လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး ၎င်းကတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

ဒေါ်ဇာခြည်ထွေး
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၂၇၃)
(LL.B, D.B.L)
အမှတ်(၆/၁၂၁)၊ ကံ့ကော်လမ်း၊ ဝေဘာဂီမြို့သစ်၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၆၃၂၂၄၈၃၆

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ တိုက်အမှတ်(၃၁)၊ (၂)ခန်းတွဲ (၇)ထပ်တိုက် အဆောက်အဦမှ အခန်းအမှတ် (၇–B) (၇–လွှာ)တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ခင်သန်းဝေ [၁၁/ကဖန(နိုင်)၀၅၇၂၈၉]ထံမှ ဦးဟိန်းထက်ဇော် [၁၂/အစန(နိုင်)၁၉၆၈၄၇]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဟိန်းထက်ဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၅၁၈၁၈၂၀**

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြော်ငြာ

ဦးကျော်စိုးမိုး [၁၂/သဃက(နိုင်)၁၇၈၄၁၅]နှင့် ဒေါ်ဇင်မာအောင် [၁၂/သဃက(နိုင်)၁၆၅၂၃၁]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သည့်အတွက် နှစ်ဖက်အသိသက်သေများရှေ့မှောက်တွင် (၅–၉–၂၀၂၃)ရက်နေ့၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးကျော်စိုးမိုးနှင့် ဒေါ်ဇင်မာအောင်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ဆက်နွှယ်မှုရှိမည်မဟုတ်ကြောင်းနှင့် ကွာရှင်းပြတ်စဲသည့်နေ့ရက်မှစ၍ ဒေါ်ဇင်မာအောင်အား ဦးကျော်စိုးမိုးအနေဖြင့် တစ်စုံတစ်ရာ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်းမပြုလုပ်ရန် ဦးကျော်စိုးမိုးနှင့်ပတ်သက်သည့် ကိစ္စအဝဝများသည် ဒေါ်ဇင်မာအောင်နှင့် မသက်ဆိုင်ပါကြောင်းနှင့် ဒေါ်ဇင်မာအောင်၏ ဂုဏ်သိက္ခာကျဆင်းစေမည့် အပြောအဆို၊ အပြုအမူများ လုံးဝမပြုလုပ်ရန် အသိပေးအကြောင်းကြားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဇင်မာအောင်**
**[၁၂/သဃက (နိုင်) ၁၆၅၂၃၁]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လင်းအိခိုင်ဇင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၂၅၄)**
**အမှတ် (ခ/၈၅၇)၊ (၂)လမ်း၊ အပိုင်း ၉(၅)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၁၁၅၃၇၂၃**

## ကန့်ကွက်နိုင်ကြောင်း အများသိရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ၁၂၃ ရပ်ကွက်၊ အမှတ် (၇၂၄) ဟုခေါ်သော အလျား (၄၀)ပေ၊ အနံ (၆၀)ပေရှိ ပါမစ်မူရင်းခြံမြေနှင့် ၎င်းခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဒေါ်ဝင်းပပ [၁၂/ဒဂမ(နိုင်)၀၀၅၃၃၄]ထံမှ ကျွန်မ ဒေါ်သက်သက်အောင် [၁၂/လမန(နိုင်)၀၉၂၁၃၈]က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်သက်သက်အောင်**
**[၁၂/လမန(နိုင်)၀၉၂၁၃၈]**
**ဖုန်း– ၀၉–၄၂၈၆၃၀၃၇၇**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ မင်းမ(အရှေ့)ကျေးရွာအုပ်စု၊ အိုင်ရောင်းရွာနေ (ဘ) ဦးဖိုးထောင်၏သမီး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၅/ပလန(နိုင်)၀၉၀၀၄၀] ကိုင်ဆောင်သူ မအေးမြမွန်နှင့် မအေးမြတ်မွန် လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ကြောင်း။

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

## (တရားမကျင့်ထုံး ဥပဒေအမိန့်–၅ ၊ နည်းဥပဒေ– ၂၀)

## လှိုင်မြို့နယ်တရားရုံး

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၃

ဦးလှမြင့် (တရားလို) နှင့် ဒေါ်အေးငွေ (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၈)လမ်း၊ အမှတ်(၃၃) (ယခုနေရပ်လိပ်စာမသိ) ဒေါ်အေးငွေ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၈)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စံပယ်ဖော်)
မြို့နယ်တရားသူကြီး
လှိုင်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၅၊ မြေကွက်အမှတ်– ၁၆၅/က၊ မြေကွက်တည်နေရာအမှတ် (၁၆၅/က)၊ ပင်းယ (၁၀)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးရဲမြင့် (AD–051312) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ဦးရဲမြင့် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်စန်းမြင့် [၁၂/ဥကတ(နိုင်)၀၇၈၅၁၇]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း ဝန်ဆောင်ခတို့ တင်ပြ၍ (ပိုင်ဆိုင် + အပိုင်ပေး) မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၁၀၂) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ် (တိုက်ကိုမျက်နှာမူလျှင်–ယာဘက်)၊ အကျယ်အဝန်း (၁၅ပေx ၆၀ပေ)ရှိ တိုက်ခန်း ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် ယင်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ဌေး [၉/မနတ(နိုင်)၀၇၈၀၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇင်မင်းထွန်း LL.B အထက်တန်းရှေ့နေ(စဉ်–၅၄၈၄၂)**
**အမှတ်–၃၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၁၁၇၈၉၂၈**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ (၇)လမ်း၊ တိုက်အမှတ်(၇၄၉/ခ)၊ (၂)ခန်းတွဲ၊ (၅)ထပ်တိုက်၏ ဒုတိယထပ် (၃)လွှာ(ခေါင်းရင်းခန်း)တိုက်ခန်း**ကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဒေါ်မဉ္ဇူခိုင် [၈/ရနခ(နိုင်)၀၇၄၆၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားများတင်ပြ၍ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်နိုင် (B.Sc, H.G.P)**
**အထက်တန်းရှေ့နေ (စဉ်–၃၉၉၃)**
**အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၆၇၉၅၆၃၄၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၃)၊ လူနေရပ်ကွက်အမှတ် (ဒ/၁၇)၊ မော်ဘီလမ်း၊ အမှတ် (၈၈၆)ရှိ (အလျား ၄၀x အနံ ၆၀)ပေရှိ တပ်ကြပ်ကြီးစာရေး အောင်အောင် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် ရောင်းချခွင့်ရှိသည့် ဦးထက်မြတ်အောင် (ခ) ဦးထူးကိုကိုအောင် [၁၂/မဂတ(နိုင်)၀၉၃၁၀၀]ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်စောသန္တာလွင် [၁၂/သဃက(နိုင်)၁၅၀၃၉၅]မှ စရန်ငွေပေးပြီးဖြစ်ပါသည်။ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဆွေဝင်း (LL,B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၈၉၂)**
**အမှတ်– ၁၃၂၈၊ ကုန်းဘောင်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၀၀၉၉၀၂၉**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၂၉)၊ ဦးထွန်းမြင့်လမ်း၊ မြေကွက်အမှတ်(၄၇၁) ဟုခေါ်တွင်သော (၄၀ × ၆၀)ပေ၊ (၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧကရှိ အိမ်ခြံမြေကို အပြီးအပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဖော်ပြပါ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို စာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်သူ ဦးဇော်မင်းဦး (၁၂/ဒဂမ(နိုင်)၀၀၅၂၉၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်ဇော်ထွန်း (၁၂/ပဇတ(နိုင်)၀၃၁၃၃၄)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍( ၇ )ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်သည်။ ၎င်းရက် ကျော်လွန်ပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးမြတ်မင်းသိန်း** (LL.B) DL.101(IP),WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၇၀၃)

**ဒေါ်သက်သက်ဆွေ** (LL.B) DL.101(IP),WIPO(Switzerland) အထက်တန်းရှေ့နေ(စဉ်–၄၆၀၅၄)

အမှတ်(၁၁၄၈)၊ယသသဝတီ(၁၇)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။
Phone - 09-968245587, 09-448031054 , 09-764428101.

## မြေနှင့်အိမ် အပြီးအပိုင်ဝယ်ယူရန် လက်ရောက်ရထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန္ဒာအေး [၁၄/မမန(နိုင်)၂၄၉၅၆၀]၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ကနောင်မင်းကြီးလမ်း၊ မြေတိုင်းရပ်ကွက်၊ (တ/၇၁)၊ မြေကွက်အမှတ် (၂၅၃၆/က) ဟုခေါ်တွင်သော အကျယ်ပေ(၂၀x၆၀)အနက်မှ ခေါင်းရင်းခြမ်း ပေ(၁၀x၆၀)ရှိ မြေနှင့် အိမ်အပါအဝင် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအောင်နိုင်ထွန်း [၁၂/သဃက(နိုင်)၁၆၂၅၄၁] ကိုင်ဆောင်သူထံမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန္ဒာအေး [၁၄/မမန(နိုင်)၂၄၉၅၆၀] ကိုင်ဆောင်သူက (၈–၉–၂၀၂၃)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ထားရှိပိုင်ဆိုင်ပြီးဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန္ဒာအေး၏ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ တစ်စုံတစ်ရာပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်နန္ဒာအေး**
**[၁၄/မမန(နိုင်)၂၄၉၅၆၀]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင့်ထက်ထက်စံ**
**အထက်တန်းရှေ့နေ(LL.B)**
**စဉ်–၄၀၈၇၂ (၇–၁၂–၂၀၁၂)**
**အမှတ်(၂၉၅)၊ စံပြလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၃၀၆၇၀၃၅**

## ပျောက်ဆုံးကြောင်း

ဦးမိုးမင်းသန့်ဇင် [၇/သနပ(နိုင်)၁၁၂၃၄၄] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်–အမှတ်– ME–370700 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09–772860056**

## မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် အထက(ခွဲ) မင်းရွာ ဒွါဒသမတန်းတွင် ပညာသင်ကြားနေသော အဖ ဦးမင်းဇော်ဝင်း၏သမီး မိချောနံ့သာ၏ မွေးသက္ကရာဇ်အမှန်မှာ (၇–၁–၂၀၀၅) ဖြစ်ပါကြောင်း။

## ဒေါ်နွေးနွေးအောင် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားခဲ့သော စကားရပ်များနှင့် ပတ်သက်၍ အာယုအင်တာနေရှင်နယ် ဆေးရုံကြီး၏ ဂုဏ်သိက္ခာကျဆင်းစေခဲ့သည့်အတွက် အထူးပင်စိတ်မကောင်းစွာဖြင့် တောင်းပန်ခြင်း

ကျွန်မ ဒေါ်နွေးနွေးအောင်သည် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး (OG) ဒေါက်တာဥမ္မာ၏ စီစဉ်မှုဖြင့် (၁၂–၁၁–၂၀၂၂) ရက်နေ့ နံနက် (၇)နာရီတွင် ကလေးခွဲစိတ်မွေးဖွားရန် အာယုအင်တာနေရှင်နယ်ဆေးရုံသို့ (၁၁–၁၁–၂၀၂၂)တွင် ကြိုတင်၍ ဆေးရုံတက်ရောက်ခဲ့ပါသည်။ ကျွန်မ၏ သားဦးသမီးလေးမှာ ကံအကြောင်းမလှစွာ မွေးရာပါနှလုံးရောဂါဖြင့် အသက်ဆုံးရှုံးခဲ့ရသဖြင့် မိခင်တစ်ယောက်၏ မီးတွင်းကာလအတွင်း ပူဆွေးသောကများနှင့် စိတ်ခံစားချက်များရှုပ်ထွေးနေချိန် ကျွန်မ ဒေါ်နွေးနွေးအောင်သည် Nway TheintTheint Aung Facebook အကောင့်အမည်ဖြင့် (၂၁–၁၁–၂၀၂၂)ရက်နေ့တွင် လူမှုကွန်ရက်စာမျက်နှာပေါ်၌ သားဖွားမီးယပ်ဆရာဝန်ကြီး (OG) ဒေါက်တာဒေါ်ဥမ္မာ၏ ပေါ့လျော့မှုကြောင့်လည်းကောင်း အာယုအင်တာနေရှင်နယ်ဆေးရုံကြီးရှိဆရာဝန်ကြီးများနှင့် သူနာပြုများ ဝန်ထမ်းများ၏ပေါ့လျော့မှုကြောင့်ဟုလည်းကောင်း၊ အာယုအင်တာနေရှင်နယ် ဆေးရုံနှင့် သားဖွားမီးယပ်ဆရာဝန်ကြီးတို့၏ ဂုဏ်သတင်းများနှင့် ဂုဏ်သိက္ခာများ ထိခိုက်စေသည့် စကားရပ်များအား ရေးသားခဲ့မိပါသည်။

ကျွန်မသည် ထိုအာယုအင်တာနေရှင်နယ်ဆေးရုံ၌ (၁၁–၁၁–၂၀၂၂ မှ ၁၆–၁၁–၂၀၂၂)ရက်နေ့အထိ ဆေးရုံတက်ရောက်ခဲ့သည်။ ကလေးကိုမွေးဖွားရန်အတွက် (၁၂–၁၁–၂၀၂၂)ရက် နံနက် ၇:၀၀ နာရီတွင် မွေးဖွားရန် ကြိုတင်စီစဉ်ထားသော်လည်း (၁၁–၁၁–၂၀၂၂) ရက်နေ့ ညသန်းခေါင်ယံတွင် ရေမွှာပေါက် ပါသဖြင့် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး (OG) ဒေါက်တာဥမ္မာက အရေးပေါ်ခွဲစိတ်မွေးဖွားမှုကို (၁၂–၁၁–၂၀၂၂)ရက်နေ့ နံနက် (၄)နာရီတွင် ပြုလုပ်ပေးခဲ့ပါသည်။ ထိုသို့မွေးဖွားပေးခဲ့ရာတွင် ကလေးမှာ ငယ်ချေးအနည်းငယ်ဝင်သဖြင့် (Meconium aspiration syndrome– MAS) အသက်ရှူခက်ခဲသွား၍ အသက်ရှူအားကူစက် (Nasal CPAP) တပ်ဆင်၍ ကုသခဲ့ပါသည်။ ကလေး၏အခြေအနေမှာ ငယ်ချေးဝင်သောကြောင့် အသက်အန္တရာယ်ရှိနိုင်ကြောင်း၊ သို့သော်လည်း အများစုမှာ ကုသ၍ ကောင်းသွားကြောင်း၊ အသက်ရှူစက်ကိုသုံး၍ ကုသခြင်းမှာလည်း ရာနှုန်းပြည့် အန္တရာယ်ကင်းသော အလုပ်မဟုတ်သော်လည်း လိုအပ်၍ သုံးရမည်ဖြစ်ကြောင်း စသဖြင့် ကလေးငယ်၏အခြေအနေနှင့် ကုသချက်များကို ဆရာ၊ ဆရာမများက ရှင်းပြခဲ့ကြပါသည်။ ထိုသို့ ရှင်းလင်းပြောကြားချက်များကို ကျွန်မနှင့် ကျွန်မ၏မိခင်တို့က ကောင်းစွာ နားလည်သဘောပေါက်သောကြောင့် သိရှိနားလည်ကြောင်း လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ကလေးငယ်သည် ထိုသို့ ကုသမှုကြောင့် ပြန်လည်၍ အသက်ရှူမှု အခြေအနေကောင်းလာပြီး (၁၃–၁၁–၂၀၂၂)ရက်နေ့တွင် အသက်ရှူစက်သုံးစွဲကုသမှုကိုလျှော့ချသောအခြေအနေမှ သုံးစွဲရန်မလိုသော အခြေအနေထိ ရောက်ရှိခဲ့ပါသည်။ သို့ရာတွင် ကံအကြောင်းမလှစွာဖြင့် ကလေးငယ်အား ဆက်လက်၍ စောင့်ရှောက်ကုသနေသော ဆရာဝန်ကြီး၏ စမ်းသပ်မှုအရ ကလေးငယ်တွင် ကုသ၍မရနိုင်သော ပြင်းထန်သည့် မွေးရာပါ နှလုံးရောဂါရှိနေကြောင်း တွေ့ရှိခဲ့ပါသည်။ ထိုအသေးစိတ်အချက်အလက်များကို ဆေးရုံရှိ ကလေးအထူးကုပါမောက္ခ ဆရာဝန်ကြီးများ၊ ဆရာ၊ ဆရာမများက အသိပေးရှင်းလင်းပြောဆိုခဲ့ကြပါသည်။ ထိုကဲ့သို့သော မွေးရာပါ နှလုံးရောဂါကြောင့် ကျွန်မ၏သမီးလေးမှာ အသက်ရှင်ရန် အခွင့်အရေး အလွန်ပင်နည်းပါးကြောင်း ရှင်းပြခဲ့ကြပါသည်။ ဆက်လက်၍ ထိုသို့ အသက်ရှင်ရန် အခွင့်အလမ်းနည်းပါးသောကြောင့် ရောဂါ၏ သဘာဝအလျောက် ပိုမိုပြင်းထန်လာသည့်အခြေအနေ ရောက်ရှိသောအခါတွင် အခြားပြင်းထန်သည့်ရောဂါများကို ကုသမှုပုံစံအတိုင်း (အသက်ရှူစက်၊ အသက်ကယ်စက်များ တပ်ဆင်ကုသခြင်း) အသုံးပြုရန် အကြံမပေးလိုကြောင်း သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများမှ ရှင်းပြခဲ့ကြပါသည်။ ထိုရှင်းပြချက်များကို ကောင်းစွာနားလည်သောကြောင့် ဆေးရုံ၏ လိုအပ်သော သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ထိုသို့ နားလည်သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သော်လည်း သားဦး သမီးလေးကို ဆုံးရှုံးခဲ့ရသော မိခင်တစ်ဦး၏ စိတ်ရှုပ်ထွေးစွာခံစားချက်ဖြင့် ကိုယ်ပိုင်လူမှုကွန်ရက်စာမျက်နှာ Facebook အကောင့် တွင် Nway TheintTheint Aung အမည်ဖြင့် ရေးသားခဲ့သည့် အကြောင်းအရာများ၊ အခြားမီဒီယာများတွင် တင်ပြခဲ့သည့် အကြောင်းအရာများသည် မှန်ကန်မှုမရှိဘဲ အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၏ ဂုဏ်သတင်း၊ ဆေးရုံကြီးရှိ ဆရာဝန်ကြီးများ သူနာပြုများ၊ ဝန်ထမ်းများနှင့် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဥမ္မာတို့အပေါ် ဂုဏ်သိက္ခာကျဆင်းစေခြင်း၊ အများပြည်သူများမှ အထင်အမြင်လွဲမှားမှုများရှိလာခဲ့ခြင်း၊ ယုံကြည်မှုများ လျော့ကျစေခဲ့ခြင်းစသည့် ထိခိုက်နစ်နာမှုများ ရှိသွားစေခဲ့ခြင်းအတွက် ကျွန်မ ဒေါ်နွေးနွေးအောင်နှင့် ကျန်ရစ်သူမိသားစုဘက်မှ အထူးပင်စိတ်မကောင်းစွာဖြင့် အနူးအညွတ် တောင်းပန်အပ်ပါသည်။

**ဒေါ်နွေးနွေးအောင်[၁၂/ဥကတ(နိုင်)၁၇၄၂၆၂]နှင့်**
**(ကျန်ရစ်သူမိသားစု)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အောင်သပြေ(၁၀)လမ်း၊ ၇/ အရှေ့ရပ်ကွက်၊ အမှတ် (၈၇၆/က) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁) ခန်းတည်း၊ (၅) ထပ်တိုက် အဆောက်အဦ၏ မြေညီထပ်တိုက်ခန်းကို ဦးဝင်းလွင်[၁၂/တမန(နိုင်)၁၁၀၄၇၁]၊ ဦးဝေမင်းဟိန်း[၁၂/တမန(နိုင်)၁၀၀၈၆၂]တို့က မိမိတို့တရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်သီသီအေး [၁၂/ကတန(နိုင်)၀၉၁၂၆၇]**က အဆိုပါတိုက်ခန်းကို အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီသီအေး [၁၂/ကတန(နိုင်)၀၉၁၂၆၇]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာအောင် (LL.B, D.B.A., D.B.L., D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၀၈၅)**
**အမှတ် (၃၈၃)၊ ၃–လွှာ/အေ၊ (၁၃)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၂၇၇၈၉၅၊ ၀၉–၇၉၈၂၉၄၈၉၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်၊ ကြာအင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၈၇) အထူးဇုန်(၂)၊မြေကွက်အမှတ်(၁၃၃)၊ ဧရိယာ(၅)ဧက(၁)ယူနစ်ရှိ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းအတွက် လုပ်ကိုင်ခွင့်အမိန့်စာ ရရှိထားသော မြေကွက်နှင့် ယခုအခေါ် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ MO နှင့် M1 ကြား၊(C–13)လမ်း၊ မြေကွက်အမှတ်(၁၃၃)ဟု ခေါ်တွင်သည့် မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်ကော်မတီလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်စာရရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်သူလှဝင်း [၂/လကန(နိုင်)၀၅၁၃၄၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြလှဲ့ဝင်း(L.L.B )အထက်တန်းရှေ့နေ (စဉ်–၂၀၉၅၁)**
**အမှတ်–၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၆)၊ ချမ်းမြသာစည်လမ်း၊ မြေကွက်အမှတ်(၉၇၆/က)၊ အကျယ်အဝန်း (အလျား ၂၁ ပေ x အနံ ၆၀ ပေ)ရှိ ဦးမောင်ဌေး [၁၂/ဒဂတ(နိုင်)၀၁၇၅၈၈] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမူ [၆/မအရ(နိုင်)၀၈၃၉၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်ညိုထွေး [၁၂/သဃက(နိုင်)၀၀၄၁၁၂]က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ**
**ဦးပြည့်ဖြိုးသူ (LL.B) အထက်တန်းရှေ့နေ(စဉ်–၄၆၁၄၀)**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။ ဖုန်း –၀၉–၄၂၂၄၄၉၈၆၈**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက (တမာကုန်း)၊ Grade–12 မှ မောင်တင်မျိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ထူး[၉/ဝတန(နိုင်)၀၃၀၇၆၆] ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ထူး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ မှော်ဘီမြို့နယ်၊ အထက(၁)၊ Grade–12 မှ မအိမ့်ကြယ်စင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းညွှန့်ဦး[၁၂/တမန(နိုင်)၀၇၂၃၁၂] ဖြစ်ပါသည်။

**ဦးဆန်းညွှန့်ဦး**

## အမည်မှန်

နောင်ချိုမြို့နယ်၊ လုံဝယ် အလက Grade–5 မှ အဖ ဦးသာလူ [၁၃/နခတ(နိုင်) ၀၅၁၆၁၁]၏ သမီးအမည်မှန်မှာ မနွေးကြည်ဦး ဖြစ်ပါကြောင်း။

**မနွေးကြည်ဦး**

## အမည်မှန်

နောင်ချိုမြို့နယ်၊ ကျောက်ကြမ်း၊ အလက Grade–6 မှ အဖ ဦးစိုးလင်း [၁၃/နခတ (နိုင်)၀၅၄၂၉၆]၏ သမီးအမည်မှန်မှာ မစိုးပြည့်သဇင် ဖြစ်ပါကြောင်း။

**မစိုးပြည့်သဇင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၆–၉–၂၀၂၃ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၅)ပါ တရားလွှတ်တော်ရှေ့နေ ဦးအောင်ခိုင်(ခ)ဦးအင်ပို့နှင့် ဒေါ်စန်းဌေး တရားလွှတ်တော်ရှေ့နေတို့၏ အများသိစေရန်ကြေညာချက်တွင် ကြေညာသူများ၏ အမှတ်အား အမှတ်(၃)ဟု မှားယွင်းဖော်ပြမိပါ၍ အမှတ်(၃၁)ဟု အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြွယ်စုသင်း(ခ)ဒေါ်ကြင်အေး[၂/ဒမဆ(နိုင်) ၀၂၇၂၉၆] (ဘ) ဦးဟုန်တင်သည် သားဖြစ်သူ ဦးမင်းသိမ်းကျော် [၁၃/တကန (နိုင်) ၂၀၀၂၇၇] (ဘ) ဦးဝင်းမောင်အား (၂၅–၁၁–၂၀၂၁)ရက်နေ့တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ် (၉၉၀၃/၂၀၂၁)ဖြင့် လွှဲအပ်ပေးထားခဲ့ပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြွယ်စုသင်း (ခ) ဒေါ်ကြင်အေးမှ သားဖြစ်သူ ဦးမင်းသိန်းကျော်အား လွှဲအပ်ပေးထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာ စာချုပ်နှင့် ပတ်သက်၍ ဆက်လက်၍ လွှဲအပ်ဆောင်ရွက်ရန် အကြောင်းမရှိတော့ပါသဖြင့် လွှဲအပ်ပေးထားခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာမှုပြုအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးစိုးတင်**
**အထက်တန်းရှေ့နေ (စဉ် – ၂၈၁၅၈/၂၉–၉–၂၀၁၆)**
**ဖုန်း – ၀၉–၄၂၉၆၂၀၁၉၀**
**အမှတ် (၁၁၁)၊ (၁၆)လမ်းအလယ်၊ (၇)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၂၊ မြေကွက်အမှတ်–၅၀၊ မြေကွက်တည်နေရာအမှတ်–၁၂၉၊ စိမ်းလဲ့သာယာလမ်း၊ ၃၂ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ချိုစမ်းဝင်း[၁၂/ပဇတ(နိုင်)၀၁၁၅၄၄] အမည်ပေါက် နှစ်(၆၀)မြေငှား စာချုပ်(ဂရန်)မြေအားမြေ အမည်ပေါက် ဒေါ်ချိုစမ်းဝင်း[၁၂/ပဇတ(နိုင်)၀၁၁၅၄၄]မှ နှစ်(၆၀)မြေငှားစာချုပ် ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတွင် ၆–၁၀–၂၀၁၆ရက်တွင် ခွင့်ပြုထုတ်ယူခဲ့သော ဘဏ်ချေးရန် မြေပုံမြေရာဇဝင်နှင့် ပတ်သက်၍ ဘဏ်ချေးမြေပုံကို အသုံးပြု၍ ဘဏ်ချေးငွေဆက်လက်လျှောက်ထားခြင်း မပြုနိုင်ခဲ့ဘဲ နေအိမ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းပြီး ပျောက်ဆုံးသွားခဲ့ပါကြောင်း ယင်းမြေကွက်နှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာပူးတွဲ၍ တင်ပြလာပါသဖြင့် ဒေါ်ချိုစမ်းဝင်း၏ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၆)၊ မြေကွက်အမှတ်(၃၁၀)၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ (၀. ၀၅၆) ဧက၊ နှစ်(၆၀) ဂရန်မြေ အမည်ပေါက် ဒေါ်လှမျိုးမြင့် [၁၂/ရကန(နိုင်)၀၄၆၅၇၀] ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် မှတ်သားထားသော မြေကွက်ဖြစ်ပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါ၍ ထိုမြေကွက်နှင့်ပတ်သက်၍ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်း မူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှိုင်ထွဏ်း B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၂၀၃၁)**
**၁၂/ B၊ ဥယျာဉ်လမ်း၊ ငါးထပ်ကြီးတောင်ပိုင်းရပ်ကွက်၊ ဗဟန်းမြို့နယ်။**
**ဖုန်း–၀၉–၂၅၄၄၅၅၀၆၊ ၀၉–၄၄၈၀၄၆၀၃၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အကွက်အမှတ် (၇/အညာစုကွက်)၊ ဦးပိုင်/ မြေကွက်အမှတ်(၁၂၇)၊ သောက်တော်တွင်းရပ်ကွက်၊ နံ့သာကုန်း(၃)လမ်း၊ အမှတ်(၁)ဟုခေါ်တွင်သော အကျယ်အဝန်း(၀.၁၁၈)ဧကရှိ နှစ်(၃၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန်းကြည် [၁၂/သလန(နိုင်)၀၂၀၂၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရှင်းသန့်ဝေ[၉/ပမန(နိုင်)၂၁၇၉၁၆]၊ ဒေါ်ပေရယ်မြတ်ပြည့်ဖြူ[၁၂/ဒပန(နိုင်)၀၅၂၃၃၉]တို့မှအပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကဤ ကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရှင်းသန့်ဝေနှင့်ဒေါ်ပေရယ်မြတ်ပြည့်ဖြူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09–450023651,09–793568375**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်သန်းတင့် (ကိုယ်ပိုင်အမှတ်–၆၄၇၈၅၁) မှတ်ပုံတင်အမှတ်[၁၃/လလန(နိုင်)၀၃၃၀၂၉]၊ အဖအမည်၊ ဦးလှရွှေ အမည်ပေါက် ပါမစ်မြေကွက်အမှတ်၊ ပစ(င)၃၃၃၈ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်စန်းစန်းမိုးမှ မှတ်ပုံတင်အမှတ် [၉/သစန(နိုင်)၀၉၆၉၉၄] အဖအမည် ဦးကျော်ညွှန့်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦဓာတ်ပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၅/တပင်ရွှေထီး၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်သားခင်ဆောင် (ကိုယ်ပိုင်အမှတ်–၇၄၁၉၀၁) မှတ်ပုံတင်အမှတ်[၈/နမန(နိုင်)၀၅၃၉၉၆]၊ အဖအမည်၊ ဦးချစ်အောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ်–ပစ(င)၅၀၂၆အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံအစ်မဖြစ်သူ ဒေါ်ရွှေချိုမှ မှတ်ပုံတင်အမှတ် [၈/နမန(နိုင်)၀၅၃၉၉၅] အဖအမည် ဦးချစ်အောင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်သားခင်ဆောင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦဓာတ်ပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄)၊ မြေကွက်အမှတ်–(၁၀၀၇)၊ အင်ကြင်းလမ်း၊ အမှတ်(၁၀၀၇)ဟု ခေါ်တွင်သော ပါမစ်မြေအမျိုးအစား ဦးထွန်းရီ (AA–099247) အမည်ပေါက် အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)မြေအနက်မှ ခေါင်းရင်းဘက် အခြမ်း၊ အကျယ်အဝန်း(အလျား၂၀ပေ x အနံ ၆၀ပေ) မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ခင်မေရီ [၁၂/မဂတ(နိုင်)၀၇၇၃၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁) ဒေါ်အေးအေးဆွေ [၇/ ဖမန(နိုင်)၀၆၁၃၈၈၀]၊ (၂) ဦးလူမင်းဟန် [၇/ဖမန(နိုင်)၀၆၁၃၈၉၅]တို့မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းအိမ်မြေနှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လွင်မာဦး (LL.B)** | **ဒေါ်ဖြူဇင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၅၁၁)** | **အထက်တန်းရှေ့နေ (စဉ်–၄၈၁၉၆)** |

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၉၆၈၆၀၈၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၄)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဒေါ်ရသီ [၁၂/ပဇတ(နိုင်)၀၁၁၉၄၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၈၇)၊ (ဘီ/၃) ၄လွှာ ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပိုင်ရောင်းချသူ ဒေါ်နော်သန္တာလွင် [၁၂/ကမတ(နိုင်)၀၀၆၆၈၈] မှ ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်လာခဲ့သည်မှာ မှန်ကန် ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ဝန်ခံကတိပြုသူ ဒေါ်နော်သန္တာ လွင် [၁၂/ကမတ(နိုင်)၀၀၆၆၈၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လေးမြိုင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၃၀၁)**
**အမှတ်–၆၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၁၇၆၁၃၄၊ ၀၉–၇၉၁၂၃၃၀၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗေယျလမ်း၊ အမှတ်(၁၁)၊ (၆)လွှာ၊ အကျယ်အဝန်း (၃၀ပေ x၆၀ပေ )ရှိ တိုက်ခန်းကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးတင်အေး [၁၂/လသန(နိုင်)၀၀၅၀၉၁] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးစံလင်း [၁၂/သကတ(နိုင်)၁၂၅၂၇၆]နှင့် ဒေါ်နွေးနန္ဒာလင်း[၁၂/တမန(နိုင်)၀၈၂၇၃၃]တို့က ဝယ်ယူရန်အတွက် "နှစ်ဖက်သဘောတူတိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်"ကို ချုပ်ဆို၍ စရန်ငွေပေးချေပြီးဖြစ်ရာ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစံလင်းနှင့် ဒေါ်နွေးနန္ဒာလင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်ဖြိုးလတ်(LL.B)** | **ဦးမောင်အောင် (LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၀၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၈၆၈)** |

**အမှတ်(၁၀၆)၊ ပထမထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉ – ၇၇၀၀၅၂၁၈၅၊ ၀၉ – ၄၅၃၃၀၇၁၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၀၈/A၊ မြေကွက်အမှတ် –၁၇၂၊ ၁၇၃၊ ဧရိယာ(၀.၁၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၇၂၊ ၁၇၃) ခရေပင်လမ်း၊ ၂/ခရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဒေါ်ညိုစိန် [၉/တတဥ(နိုင်)၀၁၇၄၂၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ညိုစိန်သည် ၃–၁၀–၂၀၁၂ရက်တွင် ကွယ်လွန်သဖြင့် ဦးညိုမောင်[၉/တတဥ(နိုင်)၀၁၇၃၂၁]မှ တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ အခြားဆက်ခံခွင့်ရှိသူ တစ်ဦးမျှမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ ၁၅–၅–၂၀၂၃ ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်–၂၃၉၈/၂၀၂၃ အသိသက်သေ နှစ်ဦး၏ ထောက်ခံကျမ်းကျိန် လွှာ(၂)စောင်၊ ဒေါ်ညိုစိန်၏သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်တွင် ၁၈–၂–၂၀၁၃ရက်နေ့တွင် ဦးညိုမောင်မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားသော မြေစာရင်းမှတ်ချက်ရှိသဖြင့် မြေစာရင်းမှတ်ချက်အား ရှင်းလင်းတင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားခဲ့ရာ ၁၈–၂–၂၀၁၃ ရက်တွင် မြေပုံကူးလျှောက်ထားခဲ့သော်လည်း မြေပုံမှာ အိမ်ပြောင်းအိမ်ရွှေ့ပြုလုပ်ရာတွင် ပျောက်ဆုံးသွားခဲ့ကြောင်း အဆိုပါမြေပုံနှင့် ပတ်သက်၍ အခြားသူတစ်ဦးဦးထံ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း လွှဲပြောင်းခြင်း၊ မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းမျိုး လုံးဝမရှိခဲ့ပါကြောင်း အိမ်ပြောင်းရွှေ့ရာတွင် အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ ၂၆–၆–၂၀၂၃ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်–၂၁၇၉/၂၀၂၃နှင့်အတူ ရှင်းလင်းစာတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ကြီးကုန်း(ပျဉ်း)ကျေးရွာအုပ်စု၊ ပျဉ်ခုံလေးကျေးရွာနေ (ဘ) ဦးမှုန်ခါရ်၏ သားဖြစ်သူ ဦးလုံးမွန်၊ ယခင်နိုင်ငံသားမှတ်ပုံတင်အမှတ်[၅/ကလထ(နိုင်)၁၄၂၆၉၅] ကိုင်ဆောင်သူ၊ ယခုအမေရိကန် Passport–565533645 ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလုံးမွန်[၅/ကလထ(နိုင်)၁၄၂၆၉၅]နှင့် ဒေါ်လားနွန်ထားရီး (ဘ) ဦးကြာကုန်း [၅/ကလထ(နိုင်)၁၄၁၃၂၂]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (၃–၃–၂၀၀၇)ရက်နေ့တွင် ချင်းရိုးရာဓလေ့ထုံးတမ်းဥပဒေအရ အသိသက်သေလူကြီးများရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးလုံးမွန်နှင့် ဒေါ်လားနွန်ထားရီးတို့သည် အဆိုပါကွာရှင်းပြတ်စဲပြီးသည့်နေ့မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် နောက်နောင်တွင် တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ ပြောဆိုပတ်သက်ခြင်းများ မပြုလုပ်ရန်နှင့် ဒေါ်လားနွန်ထားရီး၏ ကိစ္စအဝဝမှာလည်း ဦးလုံးမွန်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သိင်္ဂီစိုး (LL.B,D.B.L, D.I.L, D.I.P.L, D.M.L)**
**အထက်တန်းရှေ့နေ (စဉ်–၃၅၉၄၈)**
**အမှတ် (၃၁/အေ)၊ မြေညီထပ်၊ ကန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၁၈၆၃၈၈**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသက်အောင်
ဆေးရုံအုပ်ကြီး
မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး
**အသက်(၅၅)နှစ်**

ပြည်ကြီးတံခွန်မြို့နယ်၊ အ-၈/၇-(ဂ)ရပ်ကွက်၊ (၆၅)လမ်း၊ (၁၁၈x၁၁၉) ကြားနေ (ဦးခင်မောင်-ဒေါ်ကြည်ထွေး)တို့၏ သား၊ ဒေါ်မြင့်စန်းရီ၏ ခင်ပွန်းဖြစ်သူ မန္တလေးမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်၊ အသက်(၅၅)နှစ်သည် ၈-၉-၂၀၂၃ ရက် ည ၁၁:၃၀ နာရီတွင် (၉၆)ပါး ရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသက်အောင်
**ဆေးရုံအုပ်ကြီး၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**
**အသက်(၅၅)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အ-၈/၇-(ဂ)ရပ်ကွက်၊ (၆၅)လမ်း၊ (၁၁၈x၁၁၉)ကြားနေ (ဦးခင်မောင်-ဒေါ်ကြည်ထွေး)တို့၏ သား၊ ဒေါ်မြင့်စန်းရီ၏ ခင်ပွန်းဖြစ်သူ မန္တလေးမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာသက်အောင် အသက်(၅၅)နှစ်သည် ၈-၉-၂၀၂၃ရက် (သောကြာနေ့)တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း/အမှုထမ်းများ**
**ကုသရေးဦးစီးဌာန**

## ဦးသန်းစိန်(ခ)ဦးအောင်သန်းစိန်
**ယခင်-အောင် အပ်ချုပ်ဆိုင်**
**ယခု-ဝင်းသီတာအပ်ချုပ်ဆိုင်**
**ဝတ်ကြီး(မော်လမြိုင်မြို့)**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၃၁)၊ ပထမထပ်(B2)၊ သီတာလမ်းနေ ဒေါ်လှစီ(ခ) ဒေါ်ခင်လတ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဖုန်းကျော်-ဒေါ်ရီရီဆွေ၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်နွယ်နွယ်ဝင်း-(ဦးအေးသောင်)၊ ဒေါ်ရီရီဝင်းရွှေ(ခ) ဒေါ်မော်မော်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ကိုသူရအောင်၊ မစုစုဆန်းပြည့်-ကိုဝင်းထွန်းမင်းတို့၏ ချစ်လှစွာသောအဘိုး၊ စမိုင်းလ်လေး၏ ဘိုးဘိုးကြီး ဦးအောင်သန်းစိန်သည် ၉-၉-၂၀၂၃ (စနေနေ့) နံနက် ၅:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၉-၂၀၂၃ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယိကာမကြီး**
## ဒေါ်ခင်မြင့် (ခ) နယ်လီအေး
**စိန့်မေရီဒိုင်အိုစီဇင်ကျောင်းသူဟောင်း**
**ဝန်ထမ်းရေးရာဦးစီးဌာန(ငြိမ်း)**
**အသက်(၉၀)နှစ်**

ရန်ကုန်မြို့နေ (ဦးဘငြိမ်း-ဒေါ်ညွန့်)တို့၏ သမီးချွေးမ၊ ကျောက်ဖြူမြို့နေ (ဦးဖိုးအေး-ဒေါ်ကျော့)တို့၏ တစ်ဦးတည်းသောသမီး၊ [ဦးသန်းထွန်း (ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)]၏ ဇနီး၊ ဦးဌေးဝင်း-ဒေါ်ဝင်းဝင်းအေး၊ (ဦးမြတ်စိုး-ဒေါ်ချို)၊ ဦးဝင်းမြင့်-(ဒေါ်လှလှအေး)၊ ဒေါ်ချိုချိုထွန်း၊ ဒေါ်မိုမိုထွန်း၊ ဦးကျော်သိန်း-ဒေါ်မော်မော်ထွန်း၊ ဦးထင်အောင်-ဒေါ်နီလာထွန်း၊ ဦးမင်းသူ-ဒေါ်မီမီထွန်း၊ ဦးကျော်ဆွေ-ဒေါ်သီဂီထွန်း၊ ဦးစိုးမိုးတင်-ဒေါ်စန္ဒာထွန်းတို့၏ မိခင်၊ မြေး ၁၉ ယောက်၊ မြစ် ကိုးယောက်တို့၏ အဘွားသည် ၉-၉-၂၀၂၃ (စနေနေ့) နံနက် ၀၀:၂၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် သဃ်္ဃန်းကျွန်း(စံပြ)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၀-၉-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၁၀၅)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်(၅၈၀) ဟုခေါ်တွင်သော (၄၀ပေx ၆၀ပေ)ရှိ ဦးအုန်းကြွယ် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးအောင်မျိုးသန့် [၁၃/ညရန(နိုင်)၀၆၃၈၉၈]မှ လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကြိုင်ရွှေ [၁၂/သဃက(နိုင်)၀၆၆၂၄၀]က ဝယ်ယူရန် အတွက် (၈-၉-၂၀၂၃)ရက်နေ့တွင် ရောင်းဖိုးငွေအနက်မှ စရန်ငွေအဖြစ် တစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးကြိုင်ရွှေ**
**[၁၂/သဃက(နိုင်)၀၆၆၂၄၀]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လင်းအိခိုင်ဇင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၅၄)**
**အမှတ် (ခ/၈၅၇)၊ (၂)လမ်း၊ အပိုင်း (၅)၊**
**ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၁၅၃၇၂၃**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါက်တာဒေါ်မြမြအေး
**(မြရတနာဆေးတိုက်ပိုင်ရှင်)**
**အသက်(၁၀၃)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လမ်း(၂၀)၊ အမှတ်(၁၄၅) (၁၄၇)နေ (ဦးဘာဘာ-ဒေါ်ကျင်ကျုတ်)တို့၏ သမီး၊ (ဦးခင်မောင်ကျော်)၏ ဇနီး၊ (ဒေါ်ပုလဲမြ)၊ ဦးတင်အောင်ဝင်း(ခ) ကိုတိုး-ဒေါ်ရွှေမြတို့၏ မိခင်၊ ကိုထူးမြတ်လင်း-မရွှေစင်မေ၊ မောင်စန်းပွင့်မောင်၊ မောင်ကံထူးမောင်တို့၏ အဘွားသည် ၈-၉-၂၀၂၃ (သောကြာနေ့) ည ၇:၅၇ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်အအေးတိုက်မှ ဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းဟန်
**ကြေးမုံသတင်းစာတိုက်(ငြိမ်း)**
**အသက်(၆၀)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ စီ(၁၄)လမ်း၊ တိုက်(၃၇)၊ အခန်း(၀၀၃)နေ (ဦးလှကြည်-ဒေါ်စန်းစန်း)တို့၏သမီးကြီး၊ (ဦးတင်လှ-ဒေါ်နှင်း)တို့၏ သမီးချွေးမ၊ (ဦးဝင်းမြင့်)၏ချစ်လှစွာသောဇနီး၊ မောင်အောင်ဆန်းဝင်း၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ခင်စန်းဟန်သည် ၇-၉-၂၀၂၃ (ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၂၃ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်အုန်းမြင့်
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း၊ (ဦးအောင်ကိန်းလမ်းသွယ်)၊ အမှတ်(၉၉)၊ စီ(၄)နေ (ဦးအောင်သိန်း-ဒေါ်စိန်စိန်)တို့၏ သမီးကြီး၊ (ဦးလှသွင်)၏ ဇနီး၊ ဦးဝဏ္ဏဖြိုး-ဒေါ်သူဇာဝင်း၊ ဦးညီညီဖြိုး-ဒေါ်နွယ်ဦးငယ်၊ မောင်ဇော်ထက်အောင်-မရတနာဖြိုးတို့၏ မိခင်၊ မောင်နေခန့်ထည်၊ မသရဝဏ်ထက်တို့၏ အဘွားသည် ၉-၉-၂၀၂၃ (စနေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၉-၂၀၂၃ (သောကြာနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရှမ်းစု (၂)လမ်း၊ တိုက်အမှတ်(၂၃)၊ မြေညီထပ်၊ အကျယ်အဝန်း (၃၀x၄၀)ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်သန်းထွန်း [၁၂/ဗဟန(နိုင်)၀၈၉၄၆၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဗျက်ရဲမ်ပါရ် [၄/အစန(နိုင်)၂၂၃၈၁၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုပ်လင်း (LLB, LLM, MRes, Ph.D)**
**အထက်တန်းရှေ့နေ (စဉ် - ၄၃၄၂၃)**
**တိုက်အမှတ် (၄၅)၊ ၅-လွှာ(ဘီ)၊ (၅၁)လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၄၆၇၀၂၃၉**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ လူနေရပ်ကွက်အမှတ်- ၄၊ မြတ်လေးလမ်း၊ မြေကွက်အမှတ်- ၄၈၈ H-7၊ အကျယ် ပေ(၅၀x၉၅)ရှိ ဦးစိုးမြင့် အမည်ပေါက် နှစ်(၆၀) ဂရန်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ဂရန်အမည်ပေါက်ပိုင်ရှင်ဦးစိုးမြင့်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူပိုင်ရှင် ဦးအောင်မျိုးအေး [၁၄/ရကန(နိုင်)၀၁၃၉၈၂]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းစိုးနိုင် [၁၁/ပတန(နိုင်)၁၅၁၇၈၂]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဝင်းစိုးနိုင်[၁၁/ပတန(နိုင်)၁၅၁၇၈၂]**
**အမှတ်-၆၉၄၊ ယမနေ(၄)လမ်း၊**
**(၁၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလွင်(LL.B.,D.B,L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊**
**(၅)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၉၆၈၉**

## ဒေါ်သန်းသန်းကြူ (Ba Bay)
**ပါမောက္ခ (ငြိမ်း)၊ ရုက္ခဗေဒဌာန ၊ ရန်ကုန်တက္ကသိုလ်**
**အသက် (၈၅) နှစ်**

ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အရှေ့ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်းနေ (ဦးကျင်ဟုတ်-ဒေါ်ကြည်ကြည်မာ)တို့၏ သမီးကြီး ၊ ဦးမြင့်ကြူ (Bonny) (ရုံးအုပ်-ငြိမ်း၊ RTC)၊ (ဦးထွန်းထွန်း)-ဒေါ်ဟန်မြင့်၊ ဒေါ်အေးအေးကြူ (Amy) (ဦးစီးအရာရှိ-ငြိမ်း၊ သစ်တောဦးစီးရုံးချုပ်)၊ (ဒေါက်တာဉာဏ်ထွန်း)၊ ဒေါ်မိမိကြူ (အ.လ.ပြ-ငြိမ်း)-တပ်ကြပ်ကြီး အောင်လှဖံ၊ ဒေါ်မြဝတီလှိုင်သင်းကြည်-(ဗိုလ်မှူးအောင်သန်း) (လေယာဉ်မှူးကြီး)တို့၏ အစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ ဒေါ်ကြီးသည် ၈-၉-၂၀၂၃ (သောကြာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၂၃ (ကြာသပတေးနေ့) တွင် ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါကြောင်း ရှိသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှဝေ (ခ) ဒေါ်ကောက်
**ကော့မှူးမြို့နယ်(ချောင်းဝရွာ)**
**အသက် (၆၉) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၁၅/B) မြေညီနေ (ဦးကွ-ဒေါ်အေး)တို့၏ သမီး၊ (ဦးချစ်တင်-ဒေါ်ကျင်တီ)တို့၏ သမီးချွေးမ၊ ဒေါ်လှသန်း၊ (ဦးကြီးရွှေ)-ဒေါ်စိုးကြည်တို့၏ ညီမ၊ ဦးကြီးစိန် -(ဒေါ်လှကြည်)တို့၏ အစ်မ၊ ဦးဇင်လင်းထိုက်-ဒေါ်ခင်မာချို၊ ဦးအောင်ချစ်မင်း-ဒေါ်မိုးမမ တို့၏ မွေးသမိခင်၊ မမြတ်နိုးခင်(ခ)တုန်တုန်၊ မောင်ရဲမြတ်သူ၊ မောင်လင်းမြတ်အောင် တို့၏ အဘွား၊ ဦးခင်ငွေ၏ ချစ်လှစွာသောဇနီးသည် ၉-၉-၂၀၂၃ (စနေနေ့) နံနက် ၆:၅၇ နာရီခန့်တွင် (၉၆)ပါးရောဂါဝေဒနာဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၁-၉-၂၀၂၃ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသဖြင့် ၁၅-၉-၂၀၂၃(သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ရတနာမွန်အိမ်ရာ၊ တိုက်အမှတ် (၆-ဘီ)၊ အခန်းအမှတ် (၀၀၃)ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်စန်းစန်းဝင်း [၁၂/စခန(နိုင်)၀၇၁၉၉၅] ထံမှ အဆင့်ဆင့် ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးအောင်ချို [၁၄/ရကန (နိုင်) ၁၁၁၆၆၀]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**
## ဦးသန်းလှ
**ဦးစီးအရာရှိ(ငြိမ်း)**
**အသက်(၈၇)နှစ်**

ရာသက်ပန်အသင်းဝင်အမှတ်(၄၈၄) ဦးသန်းလှသည် ၈-၉-၂၀၂၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၁၀၁)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးမိုးနိုင် (BTHG-၀၀၃၂၀၀)နှင့် ဒေါ်အိအိခိုင်(N/RGN-၀၁၁၆၀၂)ထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးပြေငြိမ်း[၁၀/မလမ(နိုင်)၂၀၈၇၂၃]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ရေချွေတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။

❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။

❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိသားစုတစ်ခုရဲ့အသက်ဟာ မိသားစုစိတ်ဓာတ်ဖြစ်သလို ပြည်ထောင်စုတစ်ခုရဲ့ အသက်ဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီခိုရှင်သန်ရာ ပြည်ထောင်စုရဲ့အရိပ်အာဝါသကို အသက်သဖွယ်မြတ်နိုးတန်ဖိုးထားပြီး စုပေါင်းဆောင်ရွက်ကြရင် နိုင်ငံ့တိုးတက်မှု အရှိန်အဟုန်ကောင်းတွေဟာ ရပ်တန့်နေမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့သွားလိုတဲ့ပန်းတိုင်ကို မဖြစ်မနေ ရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင်ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

### ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌ တာဝန်အား ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းသည့် ကိစ္စဆိုင်ရာ ရှင်းလင်းချက်

စာမျက်နှာ » ၁၀



### အသိပညာတိုးတက်ရေးနှင့် လူတိုင်းလက်လှမ်းမီသော ဘက်စုံပညာရေးဆီသို့ . . .

ဆောင်းပါး စာမျက်နှာ » ၁၅



ရုရှားဖက်ဒရေးရှင်းနိုင်ငံကပေးအပ်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီပစ္စည်းများ တင်ဆောင်လာသည့်ကုန်တင်လေယာဉ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံက ပေးအပ်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် လူသားချင်းစာနာမှု အကူအညီပစ္စည်းများတင်ဆောင်လာသည့် ကုန်တင်လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၉

ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံကပေးအပ်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် လူသားချင်းစာနာမှု အကူအညီပစ္စည်းများ တင်ဆောင်လာသော ရုရှားနိုင်ငံမှ ကုန်တင်လေယာဉ်သည် ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖



## အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် မြန်မာအသင်း ကာတာကို အရေးနိမ့်

ရန်ကုန် စက်တင်ဘာ ၉

၂၀၂၄ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စု(ခ) ဒုတိယနေ့ကို စက်တင်ဘာ ၉ ရက်က တောင်ကိုရီးယားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ကာတာအသင်းကို ခြောက်ဂိုးပြတ်အရေးနိမ့်ခဲ့သည်။

ကာတာအသင်းသည် ခြေစစ်ပွဲအုပ်စု(ခ)တွင် ပါဝင်နေသော်လည်း နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရထားပြီး ခြေစစ်ပွဲအောင်မြင်ထားပြီးဖြစ်သောကြောင့် ယင်းအသင်း၏ရလဒ်များကို ခြေစစ်ပွဲအုပ်စုအဆင့် ရပ်တည်မှုတွင် ထည့်သွင်းတွက်ချက်မည်မဟုတ်ရာ မြန်မာအသင်းသည် ယခုပွဲတွင် အရေးနိမ့်ခဲ့သော်လည်း အုပ်စုရပ်တည်မှုတွင် သက်ရောက်မည်မဟုတ်ကြောင်း သိရသည်။

စာမျက်နှာ ၂၀ ကော်လံ ၃ သို့ ✪




## ပီလီရဲ့ ဘရာဇီးအသင်းနဲ့ ဂိုးသွင်းစံချိန်ကို တိုက်စစ်မှူး နေမာ ကျော်ဖြတ်

တိုက်စစ်မှူး နေမာဟာ ဘရာဇီးအသင်းက ဘိုလီဗီးယားအသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဘရာဇီးနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်ခဲ့တဲ့ တိုက်စစ်မှူး ပီလီရဲ့ ဂိုးသွင်းစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာဟာ ဘိုလီဗီးယားအသင်းနဲ့ပွဲစဉ်မှာ ဘရာဇီးနိုင်ငံ လက်ရွေးစင်အသင်းအတွက် ပွဲစဉ် ၁၂၅ ပွဲမြောက် ပါဝင်ကစားခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ဒုတိယပိုင်းပွဲကစားချိန်အတွင်း

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍